ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့၊ (24-4-2005)(၄၅၇၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေသြဇာများ လိုအပ်လျက်ရှိ ပြည်တွင်းစက်ရုံများမှ ဓာတ်မြေသြဇာများဖြင့် ပိုမိုဖြည့်ဆည်းနိုင်ရေး တီထွင်ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး၊ **စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)** စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ **ထွက်ခွာကြရာ မကွေးတိုင်း အောင်လံမြို့နယ် ကျော်စွာရွာအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)သို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် သရက်ခရိုင်နှင့် အောင်လံမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။**

ရှေ့ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) ဧည့်ခန်းမဆောင်၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်ရုံ၏စက်စွမ်းအား၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** *

ကြေးမုံ The Mirror ခေါင်းကြီး ဆောင်းပါး အညွှန်း

❖ *နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးလက်တွဲ ဒို့တာဝန်အရေးသုံးပါးကို **ကာကွယ်စောင့်ရှောက်***

ခေါင်းကြီး(စာမျက်နှာ-၂)

❖ ***မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားပြီး မတ်လ ၂၅ရက်က ဖွင့်လှစ်ခဲ့သည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံသည် လူသိများသည့် လောပိတရေအားလျှပ်စစ်စက်ရုံ (၁၉၆မဂ္ဂါဝပ်)ထက် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်အားရှိသော နိုင်ငံတော်၏ အကြီးစား ရေအားလျှပ်စစ်စက်ရုံကြီးဖြစ်သည်။ မဂ္ဂါဝပ် ၇၀စီ ထုတ်လုပ်နိုင်သော စက်လေးလုံးတပ်ဆင်ထားသည့်အတွက် စုစုပေါင်းမဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်အားရှိသည်။***

သီဟအောင်၏ **"နိုင်ငံတော်၏လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများ"** ဆောင်းပါး (စာမျက်နှာ-၈၊၉၊၁၀)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မကွေးတိုင်း အောင်လံမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)ရှိ ယူရီးယားစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၄-၄-၂၀၀၅
(တနင်္ဂနွေနေ့)

နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးလက်တွဲ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားသောလုပ်ရပ်ကို ပြုလုပ်လာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အခြားဆက်နွယ်နေသည့် အဖွဲ့များကို နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခဲ့ကြောင်း အားလုံး အသိပင်ဖြစ်သည်။

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့က ဧပြီလ ၁၇ ရက်နေ့တွင် ပြည်ပတစ်နေရာမှနေ၍ ရှမ်းပြည်ယာယီအစိုးရဟူသောအဖွဲ့ကို ဖွဲ့စည်းကြောင်း သတင်းထုတ်လွှင့် ကြေညာကာ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်ပြုလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကြောင်းရင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီက သတင်းစာရှင်းလင်းပွဲကို ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။

သတင်းစာရှင်းလင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းပြောကြားရာတွင် **သမိုင်းမတင်မီ ခေတ်ကတည်းက တစုတစည်း တပေါင်းတည်း တည်ရှိခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖရိုဖရဲ ပြိုကွဲစေလိုသော နယ်ချဲ့နှင့်နယ်ချဲ့၏ လက်ပါးစေတို့က ရည်ရွယ်ထားသည့်အတိုင်း အချို့သော ရှမ်းစော်ဘွား အနွယ်များက ရှမ်းပြည်နယ်ကို ခွဲထွက်ရန် ကြံစည်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း၊ ဤဖြစ်စဉ်သည် အခုမှ ချက်ချင်း ပေါ်ပေါက်လာသော သွေးရိုးသားရိုး လုပ်ရပ်မဟုတ်ဘဲ ပြည်ပကိုအားကိုးပြီး ပြည်ပ၏ ညွှန်ကြားသည့်အတိုင်း အစဉ်တစိုက် လုပ်လာခဲ့သည့် လုပ်ရပ်များ၏ အဆက်ဖြစ်သည်ကို သုံးသပ်တွေ့ရှိနိုင်ပါကြောင်း** ပြောကြားသွားသည်။

ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ကြေညာ၊ လုပ်ဆောင်ချက်များသည် ပြည်ထောင်စုစစ်စစ်ဟူသည့် စကားကို အရေခြုံဗန်းပြပြီး မည်ကာမတ္တ ပြည်ထောင်စုကိုထူထောင်ကာ တစ်ချိန်ချိန်တွင် ပြည်ထောင်စုမှ ခွဲထွက်လျက် သီးခြားနိုင်ငံ ထူထောင်ရန်သာဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်သည်။

အဆိုပါ ဆောင်ရွက်ချက်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရာရောက်သည့် အပြင် အလွန်အန္တရာယ်ကြီးမားသော တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားရေး၊ ပြည်ထောင်စုပြိုကွဲရေးတို့ကို ဦးတည်သည့် လုပ်ရပ်များဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ မှားယွင်းသောလုပ်ရပ်ကို တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း အသီးသီးကြေညာခဲ့ကြသည်ကို တွေ့ရသည်။

ပြည်ပြေးစဝ်ခမ်ဖဦးစီးသော ရှမ်းပြည်ယာယီအစိုးရဆိုသည်ကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၅၆ မြို့နယ်၌ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစု ၃၃ မျိုးစလုံးက လုံးဝအသိအမှတ်ပြုခြင်း၊ ထောက်ခံခြင်းမရှိသည့်အပြင် ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ခဲ့ကြသည်။ ဤသည်မှာ ပြည်ထောင်စုမပြိုကွဲရေး ဟူသော မျိုးချစ်စိတ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဟူသော မျိုးချစ်စိတ်များကသာ မှန်ကန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ကို ဖော်ပြနေခြင်းပင်ဖြစ်သည်။

ယင်းကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ပြေး ရှမ်းစော်ဘွားအနွယ် စဝ်ခမ်ဖ၏လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချနေကြသော်လည်း ဘီဘီစီ၊ ဗွီအိုအေ စသည့်အနောက်တိုင်း အသံလွှင့်ဌာနများက အားပေးအားမြှောက်ပြုကာ နေ့စဉ် အပ်ကြောင်း ထပ်အောင် ထုတ်လွှင့်ဘောတီးပေးနေခြင်း၊ အခါပေးနေခြင်းများ ပြုလုပ်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်ပြုလာသည့် လုပ်ရပ်မှန်သမျှကိုဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်နှင့်အတူလက်တွဲကာ ဒို့တာဝန်အရေးသုံးပါးကို လုံးဝအထိပါးမခံဘဲ ကာကွယ်စောင့်ရှောက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ် ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းစည်းဝေး ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ မှာကြား

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ် ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ၅နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ(ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ခရီးသွားပြည်သူများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်း

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြပ်မတ်ဆောင်ရွက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအနေဖြင့် ပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မော်တော်ယာဉ်လိုင်းများအနေဖြင့် ယာဉ်စီးခ ပိုမိုတောင်းခံခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ မဟာသင်္ကြန် ပွဲတော်ကာလအတွင်း တာဝန်ရှိသူများ၏ စနစ်တကျ ကြပ်မတ်ဆောင်ရွက်မှုနှင့် ပြည်သူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုများကြောင့် ယခင်နှစ်ထက်စာလျှင် ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ သိသိသာသာ လျော့နည်းခဲ့ကြောင်းနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျလိုက်နာကြစေရေးနှင့် ယာဉ်တိုက်ခိုက်မှုများလျော့နည်း ကျဆင်းစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်း အမကြီး ဒေါ်ဖြူဖြူ (စွန်းလွန်းယောဂီ) အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဝေဇယန္တာလမ်း၊ အမှတ်(၅၂)နေ ခင်ပွန်း ဦးဝင်းမောင် (နဂါးမင်းဒန်သတ္တု)၊ သမီး ဒေါ်အေးအေးဝင်း၊ သား ဦးအောင်ဝင်း- ဒေါ်မူမူချို၊ မြေးမြစ်တစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဧပြီ ၂၁ ရက်က ထာဝရ ဆေးပဒေသာပင် ကျပ်တစ်သိန်း ငါးသောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးညွန့် လက်ခံရယူစဉ်။

(ကြေးမုံ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခို့

၂၀၀၅ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၅၉၈၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်မှု၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Cho Hwan-Eik **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်မှု၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Cho Hwan-Eik နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ရန်ကုန်မြို့၌ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်မှု၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Cho Hwan-Eik **နှင့် အဖွဲ့ဝင်များအား ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်မှု၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Cho Hwan- Eik နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-heum နှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

ပြည်သူနှင့် တစ်သားတည်း ကျင့်ကြံနေထိုင် အစဉ်ကူညီလိုစိတ်ဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင် ထူးချွန်ရဲတပ်ဖွဲ့ဝင်များအား ဆုငွေနှင့်ရာထူး တိုးမြှင့်ပေး

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ နှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်များ၊ တပ်ဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ရဲတပ်ရင်းမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာ၌ လျှပ်စစ်နှင့် စက်သုံးဆီများခြိုးခြံချွေတာရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောက်ခြေအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး၊ ပြည်သူနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်ပြီး မောက်မာမှုမရှိဘဲ အစဉ်ကူညီလိုစိတ်ဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းစည်းရုံး ဆောင်ရွက်ရေး၊ အသုံးစရိတ်များ ဘက်စုံခြိုးခြံချွေတာရေး၊ လုပ်ကိုင်ခွင့်နှင့် လုပ်နိုင်ခွင့်ကို ချိန်ဆသုံးစွဲ၍ လုပ်ငန်းအားလုံးတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု အောင်မြင်မည်ဟု ခံယူကျင့်သုံးရေး၊ ဆင့်ကဲအမိန့်နာခံမှုနှင့် ကွပ်ကဲမှုစနစ်များကို စိတ်ဓာတ်၊ စည်းကမ်းဖြည့်စွက်လျက် ခိုင်မာအောင် တည်ဆောက်ရေး၊ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ကြီးကြပ်ကွပ်ကဲမှုကို အစဉ်နာယူလျက် နိုင်ငံနှင့် လူမျိုးအတွက် အားကြိုးမာန်တက် ဆောင်ရွက်သွားရေး၊ ဥပဒေဘက်တော်သားများပီပီ လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ အထက်ကို လိမ်ညာခြင်းမရှိဘဲနှင့် ပကတိဖြစ်ရပ်များကို တိကျရှင်းလင်းစွာ တင်ပြဆောင်ရွက်ရေး၊ စာရိတ္တမဏ္ဍိုင်ခိုင်မာစွာဖြင့် ပြည်သူတို့အပေါ် စေတနာအပြည့်ဖြင့် တာဝန်ထမ်းဆောင်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က ၂၀၀၄ ခုနှစ်အတွက် စွမ်းရည်(၄)ရပ်ဆု၊ မှုခင်းဖြစ်ပွားမှု လျော့ချနိုင်မှုဆု၊ မှုခင်းများဖော်ထုတ်တရားစွဲတင်နိုင်မှုဆု၊ ပြွန်းတီးအင်အား ထိန်းသိမ်းနိုင်မှုဆု၊ ရဲတပ်သားသစ် စုဆောင်းနိုင်မှုဆုများကို ဆုရရှိသည့် ပြည်နယ်/တိုင်း တပ်ဖွဲ့မှူးများသို့ လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ စွမ်းစွမ်းတမံ မှုခင်းဖော်ထုတ်နိုင်သည့် မန္တလေးတိုင်း ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးမျိုးမောင်သန်းပါ လေးဦးအား ဆုငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ရဲအုပ်ခင်မောင်စိန်ပါ ခုနစ်ဦးနှင့် ရဲအုပ်တင်ထွန်းပါ ရှစ်ဦးတို့ အားဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မူဆယ် မူးယစ်(အထူး) အဖွဲ့မှ ရဲအုပ်မြင့်ဆွေပါ ခြောက်ဦးတို့အား ဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ လားရှိုး မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်အားလုံးအတွက် ဆုငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဒုတိယရဲမှူးကြီး အောင်ဆန်းဦးပါ တပ်ဖွဲ့ဝင် ၁၆ ဦးအား ရဲချုပ်၏ အမှုထမ်းကောင်း လက်မှတ်နှင့် တပ်ဖွဲ့ဝင် ၂၀ တို့အတွက် ဆုငွေကျပ်ရှစ်သိန်းတို့ကိုလည်းကောင်း အသီးသီး ချီးမြှင့်ကြပြီး မန္တလေးတိုင်း ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်စိုးမြင့်အောင်အား ဝန်ကြီး၏ ဂုဏ်ပြုလက်မှတ်နှင့် ရာထူးတစ်ဆင့်တိုး၊ ရဲတပ်သားခင်မောင်ဦးအား ရာထူးနှစ်ဆင့်တိုး၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ထွန်းလင်းအား ဝန်ကြီး၏ ဂုဏ်ပြုလက်မှတ်နှင့် ရာထူးနှစ်ဆင့်တိုး၊ မူဆယ်မူးယစ် (အထူး) အဖွဲ့မှ ရဲအုပ်မြင့်ဆွေအား ဝန်ကြီး၏ ဂုဏ်ပြုလက်မှတ်နှင့် ရာထူးတစ်ဆင့်တိုး၊ လားရှိုးမူးယစ် (အထူး)အဖွဲ့မှ ရဲအုပ်ရဲနိုင်အား ဝန်ကြီး၏ ဂုဏ်ပြုလက်မှတ်နှင့် ရာထူးတစ်ဆင့်တိုး၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်သိန်းလွင်၊ ဒုတိယရဲအုပ်ညိုပု၊ ရဲအရာခံသက်ဇော်နှင့် ရဲတပ်ကြပ်ကြီး သောင်းရွှေတို့အား ရာထူး တစ်ဆင့်တိုးဆုများ အသီးသီး ချီးမြှင့်သည်။ (သတင်းစဉ်)

လူငယ်သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ် လူငယ်သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် မေ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများအဖြစ် အသက် (၁၀)နှစ်နှင့်အောက် ပြိုင်ပွဲ၊ အသက် (၁၂)နှစ်နှင့်အောက် ပြိုင်ပွဲ၊ အသက် (၁၄)နှစ်နှင့်အောက် ပြိုင်ပွဲ၊ အသက် (၁၆)နှစ်နှင့်အောက် ပြိုင်ပွဲ၊ အသက် (၁၈)နှစ်နှင့်အောက်ပြိုင်ပွဲနှင့် အသက် (၂၀)အောက်ပြိုင်ပွဲများ ပါဝင်မည် ဖြစ်သည်။

ဆုများကိုထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ပြီး ထူးချွန်သောလူငယ်များကို ဇွန်လအတွင်း ကျင်းပမည့် အာဆီယံ သက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲသို့ စေလွှတ်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် မေ ၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တွင် စာရင်းပေးသွင်းနိုင်သည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၅ (တနင်္ဂနွေနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	သမိုင်းဝင်ရှင်ကိုးရှင်(တနင်္သာရီတိုင်း ထားဝယ်ခရိုင်)
၇:၃၀	တေးဂီတအစီအစဉ်
၇:၃၅	Sunday Talk
၈:၂၅	ပြည်တွင်းသတင်း
၈:၃၀	ကျွန်းအထူးစိုက်ခင်း
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	နိုင်ငံတကာသတင်း
၈:၅၀	ဥယျာဉ်တောင်ရွာ၏ ရှင်ကြည်မနော‌အလှူတော်
၉:၁၀	ဝါသနာရှင်စင်မြင့်
၉:၅၅	ပြည်တွင်းသတင်း
၁၀:၀၀	ကလေးများနှင့်ကျန်းမာရေး
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ဟင်းရွက်ရေလှောင်တမံ
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	သီးနှံများကိုသိုလှောင်ရာတွင်ထိန်းသိမ်းနည်းများ
၁၀:၅၀	နိုင်ငံတကာသတင်း
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	အပိတ်

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အီရတ်၌ တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားမှုကို ပြင်သစ်အစိုးရ စိုးရိမ်မကင်းဖြစ်နေ

ပါရီ ဧပြီ ၂၂

အီရတ်အရပ်သားပြည်သူလူထု ထိခိုက်နစ်နာစေသည့် အီရတ်နိုင်ငံမှ အသစ်တစ်ဖန်ပေါ်ပေါက်လာသော တိုက်ခိုက်မှုများကို ပြင်သစ်အစိုးရက စိုးရိမ်မကင်း ဖြစ်နေကြောင်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ကြေညာလိုက်သည်။

တုန်လှုပ်

အမျိုးသမီးများနှင့် ကလေးငယ်အများ ပါဝင်သော ဒုက္ခသည်အများအပြားကို ဗုဒ္ဓဟူးနေ့က တွေ့ရှိခဲ့ပြီးနောက် ပြင်သစ်အစိုးရက တုန်လှုပ်မိခဲ့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ စီစီလီပေါ့ဒိုဒီတော်ရီက ပြောကြားသည်။

ဖျက်သိမ်းခံရသည့် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ကြည်းတပ်မှ အရာရှိတစ်ဦးအပါအဝင် အီရတ် နိုင်ငံသားခြောက်ဦးသည်လည်း အီရတ်နိုင်ငံတွင် ကြာသပတေးနေ့က သီးခြားဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သည်။

ဗုဒ္ဓဟူးနေ့ကလည်း အီရတ်နိုင်ငံတွင် လူ ၆၀ ၏အလောင်းများ တွေ့ရှိခဲ့ပြီး တပ်ဖွဲ့ဝင် ၁၉ ဦး သတ်ဖြတ်ခံရမှုနှင့် တိုက်ခိုက်မှုလေးမှုတို့ ဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုမှာ ယာယီဝန်ကြီးချုပ် အာလာဝီအား လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်သည့် တိုက်ခိုက်မှုဖြစ်သည်။ အာလာဝီမှာကံကောင်းထောက်မသဖြင့် ဘေးမသီရန်မခဘဲလွတ်မြောက်ခဲ့သည်။

တိုက်တွန်း

ပြင်သစ်အစိုးရကအီရတ်တွင်တည်ငြိမ်မှုနှင့် ထိန်းချုပ်ရေး ရရှိစေရန် ထပ်မံတိုက်တွန်းကြောင်း၊ အီရတ်ပြည်သူလူထုအနေဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် တည်ငြိမ်ရေးအတွက်လည်းကောင်း၊ တာဝန်သိစိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးရေးစိတ်ဓာတ်ကို အခြေပြုကာ မိမိတို့နိုင်ငံ၏ ကံကြမ္မာအား မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်ရန် ပြင်သစ်အစိုးရက တိုက်တွန်းပါကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မိုဆူးလ်မြို့ ရပ်ကွက်တစ်ခု၌ အမျိုးသားများကို အမေရိကန်တပ်ဖွဲ့က ဧပြီ ၂၀ရက်တွင် ဖမ်းဆီးရာ၌ မိမိခင်ပွန်း ပါသွားသည့်အတွက် ပူဆွေးသောကရောက်နေသူ အီရတ်အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ သတင်းများ

ရဟတ်ယာဉ်ပျက်ကျသဖြင့် အမေရိကန်ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၂

ဘူဂေးရီးယားအရပ်သားရဟတ်ယာဉ်တစ်စင်း ကြာသပတေးနေ့က ပျက်ကျသဖြင့် လူကိုးဦးသေဆုံးသွားရာ ခြောက်ဦးမှာ အမေရိကန်နိုင်ငံသားများ ဖြစ်ကြကြောင်းဖြင့်အမေရိကန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အခြားသေဆုံးသူသုံးဦးမှာ ဘူဂေးရီးယားနိုင်ငံသားများ ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

ပျက်ကျ

အမေရိကန်ကုမ္ပဏီတစ်ခုက ငှားရမ်းထားသည့် ရုရှားနိုင်ငံလုပ် ရဟတ်ယာဉ်သည် ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း ကီလိုမီတာ ၂၀ ခန့်အကွာဒေသတွင် ပျက်ကျခြင်းဖြစ်သည်။

အယ်လ်–အာရေဗျ ရုပ်မြင်သံကြားက မည်းချိပ်နေသည့် ရဟတ်ယာဉ်ပုံကို ပြသသည်။သို့ရာတွင် သေဆုံးသူများ၏ ရုပ်လောင်းများကို ပြသခြင်းမပြုပေ။

ယုံကြည်ထား

အဆိုပါ ရဟတ်ယာဉ်သည် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရမှုကြောင့် ထိမှန်ကာ ပျက်ကျရခြင်းဖြစ်သည်ဟု အမေရိကန်သတင်းရုပ်ကွက်က ယုံကြည်ထားကြောင်း အဆိုပါ ရုပ်မြင်သံကြားက ဖော်ပြသည်။

ရဟတ်ယာဉ်ပေါ် စီးနင်းလိုက်ပါလာသည့် လေယာဉ်ဝန်ထမ်းသုံးဦးနှင့် ခရီးသည်ခြောက်ဦးစလုံးသည် အရပ်သားများ ဖြစ်ကြသည်ဟုဆိုသည်။

အီရတ်ရှိ ပြောက်ကျားများက ရဟတ်ယာဉ်နှင့် လေယာဉ်များကို ရံဖန်ရံခါ ဒုံးကျည်လက်နက်များဖြင့် ပစ်ခတ်ကြသည်။ အမေရိကန် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် တစ်စင်းသည် ဖလူးဂျာမြို့အနီးတွင် ၂၀၀၃ ခုနှစ်က ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းခံရသဖြင့် ပျက်ကျခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင် ၁၆ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ချမ်းသာသောနိုင်ငံများက ဆင်းရဲသောနိုင်ငံများကို အကူအညီပေးရန် ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

ဂျကာတာ ဧပြီ ၂၂

ချမ်းသာသော နိုင်ငံများသည် ၎င်းတို့ကတိကဝတ်ပြုထားသည့်အတိုင်း ဂျီဒီပီ၏သုညဒသမ ၇ ရာခိုင်နှုန်းကို ဆင်းရဲသော နိုင်ငံများသို့ အထောက်အကူပေးကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကတိုက်တွန်းလိုက်သည်ဟု အတွင်းရေးမှူးချုပ်၏ အထူးအကြံပေး အရာရှိဂျက်ဖရီဆချ်ကပြောကြားသည်။

ကတိပြုထား

ချမ်းသာသောနိုင်ငံများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများ၏ ဂျီဒီပီမှ သုညဒသမ ၇ ရာခိုင်နှုန်းသော ဝင်ငွေကို ဆင်းရဲသည့် နိုင်ငံများသို့ ဖွံ့ဖြိုးရေး အကူအညီအဖြစ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကတိပြုထားခဲ့ကြသည်။ ထိုကတိနှင့် အကူအညီပေးရန်ရှိသည့် အကူအညီကို ပံ့ပိုးပေးခြင်းဖြင့် ဆင်းရဲသော နိုင်ငံများ၏မိတ်ဆွေကောင်းပီသကြောင်း ပြသသင့်သည်ဟု ကိုဖီအာနန်ကပြောကြားခဲ့ကြောင်း အထူးအကြံပေး ပုဂ္ဂိုလ်ဆချ်က ဆိုသည်။

လက်ရှိအခြေအနေတွင် ချမ်းသာသောနိုင်ငံများသည် ဖွံ့ဖြိုးသည့်နိုင်ငံများသို့ အကူအညီအဖြစ် ၎င်းတို့ဂျီဒီပီ၏သုညဒသမ ၂၅ ရာခိုင်နှုန်းကိုသာ ထောက်ပံ့ရသေးသော အခြေအနေတွင် ရှိကြောင်း သိရသည်။

ဆော်ဩထား

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ချမ်းသာသော နိုင်ငံများကို ၂၀၀၅ ခုနှစ်တွင် ကတိရှိထားသည့်အတိုင်း အပြီးပေးဆောင်ရွက်ကြရန် ဆော်ဩထားသည်။ ကမ္ဘာ့နိုင်ငံများ အနေဖြင့် ၂၀၁၅ ခုနှစ်အရောက်တွင် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ကို ပြည့်မီအောင်၊ ဆင်းရဲမွဲတေသူဦးရေ ထက်ဝက်လျှော့ချရေးကို ပြည့်မီအောင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်းကိုလည်း ထောက်ပြခဲ့သည်။

ရင်းနှီးမြှုပ်နှံ

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်ရေး လုပ်ငန်းများတွင် အများအပြား ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ထိုအခြေအနေများကြောင့် ဆင်းရဲမွဲတေမှုကို ပပျောက်အောင် ပြုလုပ်ရာ၌ အထောက်အကူ ပြုစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့လယ်တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ယူဂန္ဒာတွင် ရေမြင်းများ ရာနှင့်ချီ၍ ထူးဆန်းစွာသေဆုံး

ကမ်ပါလာ ဧပြီ ၂၀

ယူဂန္ဒာနိုင်ငံရှိဘုရင်မအယ်လဇ္ဇဘက် အမျိုးသားဘေးမဲ့တောတွင်း၌ ရေမြင်းအကောင် ၃၀၀ ကျော် ထူးဆန်းစွာ သေဆုံးခဲ့သည်။ အဆိုပါ ဘေးမဲ့တောသည် ကမ်ပါလာမြို့၏ အနောက်ဘက် ၄၃၈ ကီလိုမီတာအကွာတွင် တည်ရှိသည်။

ရောင်းချ

အချို့ရေမြင်းများသည် အဆိပ်မိ၍ သေဆုံးကြပြီး ၎င်းတို့၏ သွားများကို တစ်ချောင်းလျှင် အမေရိကန်ဒေါ်လာ ၂၃ဒသမ၈၆ ဒေါ်လာခန့်ဖြင့် ရောင်းချခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းများက ဆိုသည်။

စမ်းသပ်

ယူဂန္ဒာနိုင်ငံ အမျိုးသား ထောင့်သန်းစွဲရောဂါတိုက်ဖျက်ရေးအဖွဲ့၏ စမ်းသပ်ချက်အရ ရေမြင်းများသည် ထောင့်သန်းစွဲရောဂါကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့မှအုပ်ချုပ်ရေးမှူး နီကိုလတ်စ်ကူတာက ဆင်ဟွာသတင်းဌာနသို့ ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ကူးစက်

ထောင့်သန်းရောဂါကြောင့် သေဆုံးသော ရေမြင်း၏သွားကို နုတ်ယူခြင်းသည် အလွန်အန္တရာယ်များကြောင်း၊ အဆိုပါ ရောဂါကြောင့် ရေမြင်းမှ သွားနုတ်ယူသူသို့ ရောဂါကူးစက်၍ သေဆုံးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အချို့ရေမြင်းများသည် အဆိပ်ကြောင့် သေဆုံးကြရသည်ဟုဆိုသော အချက်ကို တိကျစွာ မပြောနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သေဆုံးသွားသော ရေမြင်းများအားလုံးကို မစစ်ဆေးရသေး၍ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ရေမြင်းများသည် ထောင့်သန်းရောဂါကြောင့် သေဆုံးခြင်း ဖြစ်သည်ဟု ယူဂန္ဒာ သားရဲတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့က ပြောကြားခဲ့သည်။ အကယ်၍ အဆိပ်ကြောင့် သေဆုံးရခြင်းဖြစ်ပါက ကျန်တိရစ္ဆာန်များကိုပါ သေကျေနေသည်ကို တွေ့ရမည်ဖြစ်သည်ဟု ဆိုသည်။

၃၀၀ ခန့်သေဆုံး

ရေမြင်း၏သွား တန်ချိန်ငါးတန်ကို ကုန်သည်တစ်ဦးက ဝယ်ယူလျက်ရှိသည့်အတွက် အဆိုပါ ရေမြင်းများ သေဆုံးရခြင်း ဖြစ်နိုင်ကြောင်း ဒေသတွင်း သတင်းတစ်ရပ်က ဆိုသည်။ ယမန်နှစ်လယ် ကာလမှစ၍ ရေမြင်းအကောင် ၃၀၀ခန့် သေဆုံးခဲ့ကြပြီး ထိုသေဆုံးမှုမှာ ပြီးခဲ့သောလတွင်းမှ ရပ်တန့်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နီကာရာဂွါတွင် ကိုကင်းကီလို ၁၈၀၀ ကျော် ဖမ်းမိ

မာနာဂွါ ဧပြီ ၂၂

နီကာရာဂွါနိုင်ငံ၏ ရေတပ်ဖွဲ့သည် ကိုကင်း ၁၈၅၃ ကီလိုကို ဖမ်းမိခဲ့သည်။ နီကာရာဂွါနိုင်ငံ အရှေ့ဘက် တစ်ဘာပိုနီအနီးမှ အဆိုပါ ကိုကင်းသယ်ဆောင်လာသောမှောင်ခိုသမားများကို ဖမ်းမိခဲ့ခြင်းဖြစ်သည်ဟု သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်လွှင့်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်းဒေသတွင် အဆိုပါဖမ်းဆီးရမှုသည် ယခုနှစ်တွင် ပမာဏ အများဆုံးဖြစ်သည်ဟု ရေတပ်စစ်ဦးစီးမှူး ရိုဂါဂွန်ဇာလီဇ်က ပြောကြားသည်။ ထိုကိုကင်းများကို အထုပ် ၇၈ထုပ်ဖြင့်ခွဲ၍ ထုပ်ထားသည်ကို တွေ့ရှိရပြီးနောက် တနင်္ဂနွေနေ့တွင် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

ကိုကင်းမှောင်ခိုသမားများသည် မြင်းကောင်ရေ ၂၀၀အားရှိ အင်ဂျင်စက်နှစ်လုံးစီနှင့် ရေဒီယိုတပ်ဆင်ထားသော လှေနှစ်စင်းပေါ်တွင် ကိုကင်းများကို သယ်ဆောင် ခဲ့ကြခြင်းဖြစ်သည်။

နီကာရာဂွါဈေးကွက်တွင် ကိုကင်းများသည် အမေရိကန်ဒေါ်လာ၇ ဒသမ ၅ သန်းတန်ဖိုးရှိပြီး အမေရိကန်နိုင်ငံသို့ ရောက်သွားလျှင် ထိုမူးယစ်ဆေးဝါးများသည် အမေရိကန်ဒေါ်လာသန်း၄၀ မှ သန်း၅၀ ထိ တန်ဖိုးရှိသွားမည်ဖြစ်သည်။

ယခုနှစ်တွင် နီကာရာဂွါ ရေတပ်မှ မူးယစ်ဆေးဝါး ကီလို ၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်း အောင်လံမြို့နယ် ကျော်စွာရွာရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရင်းနှီးမြှုပ်နှံမှု၊ ၁၉၈၇-၈၈ ခုနှစ်မှ ၂၀၀၄-၂၀၀၅ ခုနှစ်အထိ နှစ်အလိုက် ဓာတ်မြေသြဇာထုတ်လုပ်မှု၊ ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း လအလိုက် ထုတ်လုပ်မှု၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပမှ ဝယ်ယူခဲ့သော စက်ပစ္စည်းများ၊ နှစ်အလိုက်ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး၊စလေနှင့် ကျွန်းချောင်း ဓာတ်မြေသြဇာ စက်ရုံတို့၏ နှစ်အလိုက် ဓာတ်မြေသြဇာထုတ်လုပ်မှုစွမ်းအားနှင့် ကုန်ကြမ်း လိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်က အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)၏ ဓာတ်မြေသြဇာ ထုတ်လုပ်မှုနည်းစဉ်များကိုလည်းကောင်း၊ အထူးအရာရှိ ဗိုလ်မှူးဝင်းဇော်သိန်းက ဓာတ်မြေသြဇာစက်ရုံ၏ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားမှု အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားရာတွင် မိမိဦးဆောင်သည့်အဖွဲ့အနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံအလုပ်ရုံများ၏ ထုတ်လုပ်မှုစွမ်းအားတိုးတက်မြင့်မားလာပြီး ထုတ်လုပ်ရန်လျာထားသတ်မှတ်ချက်ပြည့်မီရေးတို့အတွက် လိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် ကျော်စွာဓာတ်မြေသြဇာစက်ရုံ၏ ထုတ်လုပ်မှု စွမ်းအားတိုးတက်ရန် အားထုတ်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော်လည်း စက်များ၏သက်တမ်းကာလ ကြာမြင့်မှုတို့ကြောင့် ထုတ်လုပ်နိုင်မှုစွမ်းအား သိသိသာသာ တိုးတက်လာခြင်းမရှိခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ သီးနှံများအထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေသြဇာများ လိုအပ်လျက်ရှိရာ ပြည်တွင်းမှထွက်ရှိသည့် ဓာတ်မြေသြဇာများနှင့် လုံလောက်မှုမရှိသဖြင့် ပြည်ပမှမှာယူတင်သွင်းဖြည့်ဆည်းဆောင်ရွက်ပေးနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်းလိုအပ်ချက်များကို ပြည်တွင်းရှိစက်ရုံများမှ ဓာတ်မြေသြဇာများဖြင့် ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းတီထွင်ကြံဆ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❀

ဒုရင်ဗိုလ်လှျပ်စစ်မြစ်ရေတင်စီမံကိန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဒုရင်ဗိုလ် လှျပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၃-၄-၂၀၀၅)

မုံရွာမြို့
မြင်းခြံမြို့
မင်းဘူးမြို့နှင့်
မကွေးမြို့တို့တွင်
၄၂ ဒီဂရီစင်တီဂရိတ်စီ

အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ

မကွေးတိုင်း အောင်လံမြို့နယ် ကျော်စွာရွာအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

❁ စာမျက်နှာ ၅ မှ

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဒုရင်ဗိုလ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မကွေးတိုင်းနှင့် သရက်ခရိုင်အတွင်းရှိ ဒုရင်ဗိုလ်၊ ပန်းမတ၊ဖေယျာ၊ နံ့ဇူပင်နှင့် ရုံးဆိပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း အစုအဖွဲ့တည်ရှိမှုနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ မကွေးတိုင်းအတွင်း မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးမြေအကျိုးပြုမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မြစ်ရေတင်စီမံကိန်း

ထို့နောက် မကွေးတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးကျော့မောင်က အောင်လံမြို့နယ်အတွင်း ဒုရင်ဗိုလ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြင့် ယခုနှစ်တွင် နွေစပါးဧက ၁၇၀၀၊ကြံ ၇၀၅ဧကနှင့် အခြားသီးနှံများဖြစ်ထွန်းစိုက်ပျိုးထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဧရာဝတီမြစ်မှ လျှပ်စစ်မြစ်ရေတင်နေမှု၊ ရေတင်စက်ရုံနှင့် ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ၂၅မိုင်ရှည် ပင်မမြောင်းနှစ်ခု၊ ၂၁မိုင်ရှည် လက်တံမြောင်း ၁၆ခု၊ ရေတင်အမြင့် ၁၄၆ပေ၊ ရေတင်အဆင့်နှစ်ဆင့်ဖြင့် အကျိုးပြုဧက ၁၀၄၀၀အတွက် ရည်မှန်းကာ ၁၉၈၉-၉၀ပြည့်နှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိုးစပါး၊နွေစပါးနှင့်ဝါ၊ကြံတို့ကို ရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ဘွက်ကြီးတံတားစီမံကိန်း

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အောင်လံမြို့နယ် ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီးပေါ်ရှိ တံတားအမှတ်(၄/၂၁၂)၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)က ဆောင်ရွက်လျက်ရှိသည့် ဘွက်ကြီးတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘွက်ကြီးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်က ရှင်းလင်းပြသသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မကွေးတိုင်းအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က စီမံကိန်းဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

လက်ရှိ ဘွက်ကြီးတံတားဟောင်းသည် ကုန်တင်ယာဉ်ကြီးများ အပါအဝင် များပြားလာသော မော်တော်ယာဉ် ဖြတ်သန်းသွားလာမှုကို ခံနိုင်စွမ်းမရှိတော့သည့်အတွက် ယခုကဲ့သို့ ဘွက်ကြီးတံတားသစ် တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည်။

တံတားသစ်မှာအရှည်ပေ ၁၇၇၀၊အကျယ် ၃၄ပေ ယာဉ်သွားလမ်းအကျယ် ၂၈ပေ(နှစ်လမ်းသွား)၊ လူသွားလမ်းတစ်ဖက်လျှင်သုံးပေစီရှိမည်ဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန်တန် ၆၀ခံနိုင်ရည်ရှိမည့် ခေတ်မီတံတားမျိုးဖြစ်သည်။

တံတားအောက်ထည်ပိုင်းကို ဘိုးပိုင်အုတ်မြစ်ချ၍ သံကူကွန်ကရစ်ဖြင့်လည်းကောင်း၊ တံတားအပေါ်ထည်ပိုင်းကို ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မဖြင့်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အောင်လံမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်း၏ အမှတ်(၁၀) သကြားစက်(ဒုရင်ဗိုလ်)သို့ ရောက်ရှိကြရာ စက်ရုံခန်းမဆောင်၌ စက်ရုံမှူး ဦးစိန်လှိုင်က စက်ရုံ၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စက်ရုံအတွက်ကြိတ်ဝါးကြံလိုအပ်ချက်၊ နှစ်အလိုက်ကြံစိုက်ပျိုးမှု အခြေအနေ၊ နှစ်အလိုက်ကြံကြိတ်ဝါးထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်း အောင်လံမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)ရှိ ပြုပြင်ထိန်းသိမ်းရေးပင်မအလုပ်ရုံတွင် စက်အရန်အပိုပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ပြုပြင်ထိန်းသိမ်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အောင်လံမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်း၏ အမှတ်(၁၀)သကြားစက်ရုံ(ဒုရင်ဗိုလ်)အတွင်း စက်ကြံခိုင်ရေးဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး သကြားကြိတ်ဝါးရာသီတွင် စက်စွမ်းအား ပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံအတွင်း စက်ကြံခိုင်ရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁၀) သကြားစက်(ဒုရင်ဗိုလ်)၏ တပ်ဆင်စက်စွမ်းအားမှာ တစ်ရက်ကြံတန်ချိန် ၂၀၀၀ဖြစ်ပြီး သတ်မှတ်စက်စွမ်းအား တစ်ရက်ကြံတန်ချိန် ၁၆၀၀ဖြင့် ၂၀၀၅-၂၀၀၆ ထုတ်လုပ်မှုနှစ်တွင် ကြံတန်ချိန် ၅၀၀၀၀၀ယ်ယူကြိတ်ဝါး၍ သကြားတန်ချိန် ၄၃၇၅တန်ထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃) ဓာတ်မြေဩဇာ စက်ရုံ(ကျော်စွာ)သို့ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

မကွေးတိုင်း အောင်လံမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်း၏ အမှတ်(၁၀)သကြားစက်ရုံ(ဒုရင်ဗိုလ်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၆မှ

ပြန်လည်ရောက်ရှိကြပြီး ဧည့်ခန်းမဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပိုင် ဓာတ်မြေဩဇာစက်ရုံများ၌ လိုအပ်သည့် စက်အရန်ပစ္စည်းများအနက် မိမိတို့ဝန်ကြီးဌာနများက ဝန်ကြီးဌာနအလိုက် ပံ့ပိုးထုတ်လုပ်ပေးနိုင်မည့် စက်အရန်ပစ္စည်းများအခြေအနေ၊ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)၌ ဖြည့်ဆည်းပေးရန် လိုအပ်ချက်အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ လိုအပ်သည်များကို မှာကြားပြီး အမိုးနီးယားစက်ရုံနှင့် စက်ရုံ၏ ပင်မထိန်းချုပ်ခန်း၊ ယူရီးယားစက်ရုံနှင့် စက်ရုံကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ပြုပြင်ထိန်းသိမ်းရေး ပင်မအလုပ်ရုံအတွင်း စက်အရန်အပိုပစ္စည်းများ စုဆောင်းထားရှိမှု၊ ပြုပြင်ထိန်းသိမ်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒုတိယအကြိမ် Vannamei ပုစွန်မွေးမြူရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် Vannamei ပုစွန်မွေးမြူရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေ ၃နာရီတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်း

အစီအစဉ်အရ ငါးလုပ်ငန်းဦးစီးဌာန ပုစွန်မွေးမြူရေးပညာရှင် ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိမ်းက Vannamei ပုစွန်မွေးမြူနေသည့် ကမ္ဘာ့နိုင်ငံများအခြေအနေနှင့် မြန်မာနိုင်ငံတွင် Vannamei ပုစွန်မွေးမြူရေးအတွက် လိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းတို့က Vannamei ပုစွန်မွေးမြူခြင်း၌ စောင့်ထိန်းလိုက်နာရမည့် အခြေအနေများကို လည်းကောင်း၊ ပုစွန်မွေးမြူသူ လုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်တင်ပို့ရောင်းချသူများက မွေးမြူခြင်းအတွက် အကျိုးအမြတ်ရရှိနိုင်မှုနှင့် ဈေးကွက်ရရှိနိုင်မှု အခြေအနေများကို လည်းကောင်း အသီးသီး တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန (၄၁)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးနှင့် ဇနီး ဒေါ်ခင်အေးတို့အား အမှူးထား၍ လူမှုဝန်ထမ်းဦးစီးဌာန၏ (၄၁)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် (၆၄)ရှိ လူမှုဝန်ထမ်းဦးစီးဌာန၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးနှင့်ဇနီး ဒေါ်ခင်အေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဇနီး ဒေါ်ခင်နှယ်နှယ်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

လျှောက်ထား

ရှေးဦးစွာ ဆရာတော် သံဃာတော်များအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြင့်က ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ရှစ်ပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ အထူးအရာရှိ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ (၄၁)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာတွင် ရဟန်း ၁၁ ပါး၊ ရှင်သာမဏေ ၄၅ ပါး၊ သီလရှင်အပါး ၃၀ တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းကြပြီး (၄၁)ကြိမ်မြောက်အထိ စုစုပေါင်း ဒုလ္လဘရဟန်း ၃၉၃ ပါး၊ ရှင်သာမဏေ ၂၇၉၆ ပါးနှင့် သီလရှင် ၅၁၁ ပါးတို့အား သာသနာ့အမွေခံအဖြစ် ချီးမြှင့်သွတ်သွင်းခဲ့သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးနှင့် ဇနီး ဒေါ်ခင်အေးတို့က လူမှုဝန်ထမ်းဦးစီးဌာန၏ (၄၁)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပဲခူးတိုင်း(အနောက်ပိုင်း) ကျန်းမာရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့တွင်ရောက်ရှိနေသော အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အဖွဲ့သည် ဧပြီ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူလူထုစေတနာရှင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက မိမိတို့ မြို့ရွာဒေသတွင် ကျန်းမာရေး အခြေခံကျသည့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများဖြစ်သည့် အိမ်၊ ကျောင်း၊ ဈေး၊ လုပ်ငန်းခွင် သန့်ရှင်းရေးကို အဓိကထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးချို့တဲ့မှုသည် ဆင်းရဲမှုဘဝကို နက်ရှိုင်းစေကြောင်း၊ ဆင်းရဲမှုကြောင့် ရောဂါဘယဖြစ်ပွားပြီး ချို့တဲ့မှုဖြစ်စေကာ ပညာရေးကို ထိခိုက်ပြီး ဆင်းရဲမှုသံသရာလည်စေနိုင်ကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး တို့တက်ဖွံ့ဖြိုးမှုများသည် ဆက်စပ်အကြောင်းတရား ဆက်စပ်ဖြစ်ပေါ်စေလျက်ရှိကြောင်းကို သတိပြုစေလိုကြောင်း၊ ကျန်းမာရေးကော်မတီနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် လူမှုရေးအသင်းအဖွဲ့ အင်အားရယူ၍ ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် အင်းမတိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာကုသဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုက်နယ် ဆရာဝန်ကြီးတာဝန်ခံလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုနောက် ဒုတိယဝန်ကြီးက မြို့နယ်အတွင်း အဓိကကျသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အခြေခံကျသည့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေးနှင့် ကလေးငယ်များ သေနှုန်းပိုမိုကျဆင်းစေရန် အဓိက အိမ်တွင်း မီးဖွားအန္တရာယ်ကို သတိထားရန် လိုအပ်ကြောင်း၊ မိခင်နှင့်ကလေး အာဟာရဖွံ့ဖြိုးရေးကို ဦးစားပေးအဓိကထား ဆောင်ရွက်ကြရန် လိုကြောင်း၊ ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက်အဓိကခြင်ထောင်ဖြင့်အိပ်သည့် အလေ့အကျင့်များရရှိစေရန် ဆောင်ရွက်သွားကြရန်နှင့် တီဘီရောဂါ ကာကွယ်ကုသရေးအတွက် ဆေးဝါးများ အခမဲ့ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ HIV/AIDS ရောဂါ ကာကွယ်ရေးကို စနစ်တကျပညာပေးရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးက မြို့နယ်အတွင်း ဒေသဆိုင်ရာ မြို့နယ် ကျန်းမာရေး ကော်မတီအဖွဲ့ အစည်းများဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ ကျန်းမာရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်ရန်လိုကြောင်း၊ HIV / AIDS ရောဂါ ကာကွယ်ရေးအတွက် ပြည်သူများ သိရှိစေရန် ပညာပေးစည်းရုံးဆောင်ရွက်မှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် လက်ပံတန်းမြို့ ဗဟိုစိုက်ပျိုးရေးခြံနေနှင့် မြို့နယ် ကျန်းမာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယဝန်ကြီးက မြို့နယ် ကျန်းမာရေး ကော်မတီ အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးကို ဦးစားပေးဆောင်ရွက်ပြီး မိခင်နှင့်ကလေး ကျန်းမာရေးကို အာရုံစိုက် ဆောင်ရွက်မှုသည် အဓိကလိုအပ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေး သေပျောက်မှု ပိုမိုကျဆင်းရေးအတွက် မြို့အစွန်အဖျားနှင့် ကျေးလက်ဒေသကို အာရုံစိုက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကာ မိမိမြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းစည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။ (သတင်းစဉ်)



အမှတ်(၂) မင်္ဂလာလမ်း လုံးချင်းအိမ်ရာ ယုနေ့ဥယျာဉ်မြို့တော် တောင်ဒဂုံမြို့နယ်နေ ဒေါ်သွင်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဖြူဖွေးဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ လှူဒါန်းရာ အတွင်းရေးမှူး ဦးညွန့်တင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ဖ)

မြို့သစ်ဓမ္မာရုံကျောင်း ၁၀ ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၃

အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမ မြို့သစ်ဓမ္မာရုံကျောင်းတိုက်၌ ဧပြီ ၃၀ ရက်မှ မေ ၉ရက်အထိ ပြည်တွင်းပြည်ပ မဟာဝိပဿနာရိပ်သာများဆိုင်ရာ နာယက ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ကုသလ (သရက်)၊ အင်းစိန်မြို့နယ် မြို့သစ်ဓမ္မာရုံကျောင်းတိုက် ပဓာန နာယက မဟာစည် ကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် အရှင်ပညာဝရနှင့် မဟာစည်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၏ ဦးဆောင်မှုဖြင့် ဆဋ္ဌမအကြိမ်မြောက် မဟာစည် သတိပဋ္ဌာန် ဝိပဿနာ ၁၀ ရက်စခန်း တရားအားထုတ်ပွဲ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် မြို့သစ်ဓမ္မာရုံကျောင်းတိုက်သို့ ဧပြီ ၂၉ရက် ညနေနောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဧပြီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၄-၄-၂၀၀၅)ရက်နေ့
၂၀၀၅ ခုနှစ်၊ မေလအတွက်
(၈-၅-၂၀၀၅)ရက်နေ့နှင့် (၂၉-၅-၂၀၀၅)ရက်နေ့။

နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများ

သီဟအောင်

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက်နှစ်လုံး တပ်ဆင်ထားပြီး ပထမစက်တစ်လုံး တပ်ဆင်ပြီးစီး၍ စက်စွမ်းအားပြည့်ဓာတ်အားထုတ်လုပ်ကာ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးလျက်ရှိပြီး ဒုတိယစက်တစ်လုံးမှာလည်း ယခုဧပြီလ နောက်ဆုံးပတ်၌ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးတော့မည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကိုတွေ့ရစဉ်။



၂၀၀၅ခုနှစ် ဧပြီလ ၁၈ ရက်နေ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးသည့် ခရီးစဉ်တွင် သံတွဲမြို့ အဏ္ဏဝါရိပ်သာ ခန်းမ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရခိုင်ပြည်နယ်နှင့် အခြားသော ပြည်နယ်/ တိုင်းဒေသများ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းပြီး ရခိုင်ပြည်နယ်၏ စီးပွားရေး ကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများဖွံ့ဖြိုးကာ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားရေးအတွက် လက်ရှိဆောင်ရွက်ပေးနေသည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို အမြဲမပြတ် စစ်ဆေးပြုပြင် အဆင့်မြှင့်တင်ပေးသွားရန် လမ်းညွှန်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ရခိုင်ပြည်နယ်တစ်ခွင်လုံး စီးပွားရေးဖွံ့ဖြိုးသည့် ဒေသကြီး ဖြစ်လာစေရေးအတွက် နိုင်ငံတော်၏အားပေးမှုနှင့် လိုက်လျောညီထွေဖြစ်မည့် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ကြရန် မှာကြားခဲ့သည်။

ထိုသို့ လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်တစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်တော့မည့် အလားအလာကောင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက–

"မိမိတို့အနေဖြင့် နိုင်ငံနှင့်အဝန်းတွင် ဆည်မြောင်းတာတမံများ၊ လမ်းမကြီးနှင့် တံတားကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းများ စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးခဲ့ရာ ယခုအခါတွင် ပြည့်စုံလုံလောက်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

"မကြာမီကာလတွင် ယင်းအခြေခံအဆောက်အအုံများအားလုံး ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော်ပြီးမြောက်ပြီး နိုင်ငံတော်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည့်အချိန်သို့ ရောက်တော့မည်ဖြစ်ကြောင်း"

မိန့်ကြားသွားပေသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘက်စုံကဏ္ဍစုံတွင် ၁၀နှစ်ကျော်ကာလမျှ မနားမနေ ကြိုးပမ်းအားထုတ် လုပ်ဆောင်ပေးခဲ့ကြောင်း အားလုံးအသိပင်ဖြစ်သည်။

သာဓကပြုတင်ပြရလျှင် ပြည်နယ်/တိုင်း ၁၄ ခုတွင် အပါအဝင်ဖြစ်သည့် ရခိုင်ပြည်နယ်သည် အဘက်ဘက်၌ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံဖြင့် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ပထမဆုံးအနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသည့် လမ်းမကြီးများ၊ တံတားကြီးများကို စီမံကိန်းများချမှတ်ပြီး တည်ဆောက်ပေးခဲ့ရာ ယခုအခါတွင် လမ်းသစ်၊ တံတားသစ်များ များစွာဖြစ်ထွန်းလာပြီး ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးမှာ ယခင်ကနှင့်မတူတော့ဘဲ တစ်မူထူးခြားစွာ ပြောင်းလဲတိုးတက်ကောင်းမွန်နေပြီဖြစ်သည်။

လတ်တလောကာလတွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်သော လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးအတွက် နိုင်ငံတော်အစိုးရက ပြည်နယ်တစ်ခုလုံး အတိုင်းအတာအထိ အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိနေပေသည်။

သူ့ငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိန်တလီ ရေအားလျှပ်စစ်စီမံကိန်းများဖြင့် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်စသည့် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ မြို့နယ်များအတွက် လျှပ်စစ်ဓာတ်အားရရှိရေး စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း

မကွေးတိုင်းအတွင်း တည်ဆောက်ထားကာ လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး စိုက်ပျိုးရေပါ ဖြန့်ဝေပေးနေသည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကိုတွေ့ရစဉ်။

ဧပြီ ၁၆ ရက်နေ့တွင် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ ရခိုင်ပြည်နယ်မှ တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲက–

"မိမိတို့အနေဖြင့် နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန် ရည်မှန်းချက်ထားပြီး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်နှင့်အညီ ရခိုင်ပြည်နယ်ကိုလည်း တစ်ပြည်လုံးနှင့် ဆက်စပ်ယှဉ်တွဲလျက် နိုင်ငံတော်ဖွံ့ဖြိုးမှု အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်လာစေရအောင် စီမံဆောင်ရွက်ပေးရမှာဖြစ်ကြောင်း။

"ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားကို ထိုက်သင့်သလောက်ရရှိရေး ရည်မှန်းချက်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်းများကို စနစ်တကျ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

"ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ကျဉ်း ရေအားလျှပ်စစ်စီမံကိန်း၊ စစ်ကိုင်းတိုင်းအတွင်း မော်လိုက်နှင့် မဏိပူရ ရေအားလျှပ်စစ်စီမံကိန်းများ၊ ရှမ်းပြည်နယ်တွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိုင်းတုံမြို့အနီးရှိ နမ့်လွေရေအားလျှပ်စစ်စီမံကိန်း၊ တနင်္သာရီတိုင်းအတွင်း မေယွန် ရေအားလျှပ်စစ်စီမံကိန်း စသည့် တစ်နိုင်ငံလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးနေသော ဒေသအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး စီမံကိန်းများ အကောင်အထည်ပေါ်လာသည်နှင့် တစ်ပြိုင်နက် တစ်ပြည်လုံး လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီဟု ပြောနိုင်ပြီဖြစ်ကြောင်း"

မိန့်ကြားခဲ့သည်။

သံတွဲဒေသ၌ တည်ဆောက်မည့် သူ့ငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို မဟာဓာတ်အားလိုင်းပြင်ပရှိ ရခိုင်ပြည်နယ် တောင်ပိုင်းဒေသများသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ဆက်သွယ်နိုင်ရန်၊ ဒေသအတွင်း ရေကြီးခြင်းမှကာကွယ်ရန် ရည်ရွယ်၍ တည်ဆောက်ပေးသွားမည်ဖြစ်သည်။ ယင်းစီမံကိန်းကို သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာတွင်တည်ရှိသည့် သတဲချောင်း(ခေါ်) သူ့ငွေးချောင်းပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ရာ ဖုန်အမျိုးအစား ကျောက်ဖြည့်တမံ (Zone-Type with Central Earth Core)ဖြစ်ပြီး တမံအလျားမှာ ပေ ၁၃၀၀၊ တမံအမြင့်မှာ ပေ ၂၅၀ ရှိမည်ဖြစ်သည်။

ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၃ ဒသမ ၄ သိန်းဧကပေဖြစ်၍ ရေအားအမြင့်မှာ ၂၁၆ ပေဖြစ်သည်။ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်းရှိပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားမှာ ၃၁၈ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်သည်။

ယင်းစီမံကိန်းကို သံတွဲဒေသနှင့် ပေလီကမ်းခြေ ဟိုတယ်လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဦးစားပေး တည်ဆောက်သွားမည်ဖြစ်သကဲ့သို့ အမ်းဒေသဖွံ့ဖြိုးရေးအတွက်လည်း အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို အမ်းမြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခွဲခန့်အကွာ အမ်းချောင်းပေါ်တွင် တည်ဆောက်ပေးသွားမည်ဖြစ်သည်။

အမ်းချောင်းရေလှောင်တမံ၏ တမံအလျားပေ ၁၆၀၀၊ တမံအမြင့်ပေ ၁၄၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၉၉၄၀၀ ဖြစ်သည်။ ပထမအဆင့်တွင် လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်၍ ဒုတိယအဆင့်တွင် လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှ ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ပထမအဆင့်တွင် ၃၃ကီလိုဝပ် နာရီသန်းပေါင်းဖြစ်၍ ဒုတိယအဆင့်တွင် ၅၃ ကီလိုဝပ် နာရီသန်းပေါင်း ဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၅ ခုနှစ် မတ်လ ၁၁ ရက်နေ့က ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်းကို ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ၁၈ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့်

မျက်မှောက်ခေ...
၏ စီးပွားရေးနှင့် လူ...
များ ရာနှုန်းပြည့်...
တိုင်းပြည်၏ လျှပ်စ...
တစ်နှစ်ထက်တစ်နှ...
ထို့ကြောင့် တိုင်းပြည်...
လိုအပ်ချက်ကို ဖြည့်...
အကြီးအကဲ၏ လ...
အစွမ်းကုန် ကြိုးပမ်း...

စက်လေးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အ... ထုတ်ယူပေးမည့် စီမံကိန်းဖြစ်သည်။

စစ်တောင်း မြစ်ဝှမ်းဒေသတွင် ... စီမံကိန်းအများအပြားကို လျှပ်စစ်စွမ်းအား... အကောင်အထည်ဖော် ဆောင်ရွက်လျက်... ဇောင်းတူ ရေအားလျှပ်စစ်စီမံကိန်းမှာ ... ပြီးစီးသည့် စီမံကိန်းတစ်ခုဖြစ်သည်။

တည်ဆောက်ဆဲ စီမံကိန်းများတွ... ရေအားလျှပ်စစ်စီမံကိန်းပါဝင်ပြီး ပဲခူးတို... ရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်း ... စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း... လျှပ်စစ်စီမံကိန်း၊ ပသိရေအားလျှပ်စစ်စီမံ... တိုင်း၌ ပေါင်းလောင်းရေအား လျှပ်စစ်စီမံ... ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတို့... ဆဲစီမံကိန်းများဖြစ်ကြသည်။

စစ်တောင်းမြစ်ဝှမ်းဒေသ၌ ဆက်လ... သွားမည့် ရေအားလျှပ်စစ်စီမံကိန်းများ... သောက်ရေခပ် ရေအားလျှပ်စစ်မံကိန်း... ရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ပြီး မန္တ... ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

ထိုနေ့ ညနေပိုင်းတွင်ပင် ဗိုလ်ချုပ်... သည် အဖွဲ့ဝင်များလိုက်ပါလျက် ရွှေကျင်... မြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ... လုပ်ငန်းခွင်သို့ သွားရောက်ခဲ့ပြီး တ... ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ စီ... ကို ဖြစ်နိုင်သမျှ အချိန်စောပြီးစီးရေး၊ စနစ်... လုပ်ကိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြား...

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိ... စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန... ဦးစီးဌာန တည်ဆောက်ရေး(၅)နှင့် ... ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အ... ဆောက်ရေးတို့က တာဝန်ယူ အကော... ဆောင်ရွက်နေခြင်းဖြစ်သည်။



မန္တလေးတိုင်းအတွင်း ဒုဋ္ဌဝတီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၉၀အထိ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

မျက်မှောက်ခေတ် ၁၆ နှစ်တာကာလအတွင်း နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ရာနှုန်းပြည့်နီးပါး ပြည့်စုံကုံလုံလာသည်နှင့်အမျှ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏသည်လည်း တစ်နှစ်ထက်တစ်နှစ် သိသာစွာ မြင့်မားလာလျက်ရှိသည်။ ထို့ကြောင့် တိုင်းပြည်၏ မြင့်မားလာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ယခုကဲ့သို့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေခြင်းပင်ဖြစ်သည်။

စက်လေးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်ယူပေးမည့် စီမံကိန်းဖြစ်သည်။

စစ်တောင်း မြစ်ဝှမ်းဒေသတွင် ရေအားလျှပ်စစ် စီမံကိန်းအများအပြားကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ဇောင်းတူ ရေအားလျှပ်စစ်စီမံကိန်းမှာ တည်ဆောက် ပြီးစီးသည့် စီမံကိန်းတစ်ခုဖြစ်သည်။

တည်ဆောက်ဆဲ စီမံကိန်းများတွင် ဤရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းပါဝင်ပြီး ပဲခူးတိုင်း၌ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ်ရေအား လျှပ်စစ်စီမံကိန်း၊ ပသိရေအားလျှပ်စစ်စီမံကိန်း၊ မန္တလေး တိုင်း၌ ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းနှင့် အထက် ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတို့မှာ ဆောင်ရွက် ဆဲစီမံကိန်းများဖြစ်ကြသည်။

စစ်တောင်းမြစ်ဝှမ်းဒေသ၌ ဆက်လက်တည်ဆောက် သွားမည့် ရေအားလျှပ်စစ်စီမံကိန်းများမှာ ပဲခူးတိုင်း၌ သောက်ရေခပ် ရေအားလျှပ်စစ်မံကိန်းနှင့် ဘောဂထ ရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ပြီး မန္တလေးတိုင်း၌ နမ်ချို ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

ထိုနေ့ ညနေပိုင်းတွင်ပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သည် အဖွဲ့ဝင်များလိုက်ပါလျက် ရွှေကျင်မြို့မှ အုတ်တွင်း မြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်း ကို ဖြစ်နိုင်သမျှ အချိန်စောပြီးစီးရေး၊ စနစ်တကျ သေချာစွာ လုပ်ကိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၅)နှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည် ဆောက်ရေးတို့က တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

အလားတူပင် နိုင်ငံတော်အကြီးအကဲသည် မတ် ၁၃ ရက်တွင် တောင်ငူမြို့မှ ဖြူးမြို့နယ်ရှိ ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ တာဝန်ရှိသူများက ဖြူးချောင်း ရေလှောင်တမံ စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ ပဲခူးတိုင်း ၌ဆောင်ရွက်မည့် သောက်ရေခပ် ရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြ ကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ် မှူးကြီး သန်းရွှေက သောက်ရေခပ် ဘက်စုံရေလှောင်တမံ စီမံကိန်း အကောင်အထည်ဖော်သွားရမည့် အစီအစဉ်နှင့် တာဝန်ယူ ဆောင်ရွက်သွားရမည့်အပိုင်းတို့ကို လည်း ကောင်း၊ ဖြူးချောင်းစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခု ပူးပေါင်း အကောင်အထည်ဖော်ရမည့် အစီအစဉ် တို့ကိုလည်းကောင်း လမ်းညွှန်မှာကြားခဲ့သည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင် ရွက်ပြီးစီးပါက အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ လယ်မြေဧကတစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ဆက်လက်၍ မတ် ၁၄ရက်တွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ –အဖွဲ့ဝင်ဝန်ကြီး များ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် တောင်ငူ မြို့မှ ဖြူးမြို့နယ် ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့် အကွာ ကွန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး–

“ဆည်တမံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက် ရာ၌ အချိန်စောပြီးနိုင်သမျှ ပြီးစီးရန်လိုအပ်သကဲ့သို့ စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို ပြည်သူများ အမြန်ဆုံးခံစားနိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် စီမံကိန်း၌ အကျုံးဝင် ပါဝင်သောလုပ်ငန်းများကို တစ်ခုပြီးတစ်ခု ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ တစ်ချိန်တည်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို တစ်ပြိုင်တည်းပြီးစီးအောင် စနစ်တကျတာဝန်ခွဲဝေ၍ ကြိုးပမ်းတည်ဆောက်ကြရန် ဖြစ်ကြောင်း။

“ဥပမာ ဆည်လုပ်ငန်း ပြီးစီးမှုနှင့်အတူ ရေပေးဝေသည့် တူးမြောင်း စနစ်ကိုလည်း တစ်ပါတည်း ပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်ပစ္စည်းများကိုလည်း ပြည်တွင်းမှာပင် ဖြစ်နိုင် သမျှ တီထွင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းကြံဆဆောင်ရွက်ကြရန် ဖြစ်ကြောင်း”

လမ်းညွှန်မှာကြားခဲ့သည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနက ရေလွှဲဆည်လုပ်ငန်းနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုးနဲမြို့၏ အရှေ့ဘက်၌ နမ့်တိန်ချောင်းကိုဖြတ်၍ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် ကျိုင်းတောင်းရေတံခွန်အလှကို တွေ့ရစဉ်။

(ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။)

စီမံကိန်းအရ တမံအလျား ပေ ၁၂၆၀၊ အမြင့် ပေ ၂၄၀ ရှိသည့် ကျောက်ဖြည့်တမံ (Rockfill Dam with Earth Core)ကို တည်ဆောက် သွားမည်ဖြစ်သည်။ ဤစီမံကိန်းမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ရရှိမည် ဖြစ်ပြီး ဧက ၁၁၀၀၀၀ ခန့်ကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကျောက်တံခါး မြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ရဲနွယ်ရေလှောင်တမံ စီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက် ရေး(၁)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးတို့က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။ ကျောက်တံခါးမြို့နယ် မြို့ချောင်း ကျေးရွာအနီး ရဲနွယ်ချောင်း၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်း ဖြစ်ရာ စိုက်ပျိုးမြေ ဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။

ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ပွန်တန်ဆာလွင်ပြင် ဆည်အစုအဖွဲ့တွင်ပါဝင်သည့် စီမံကိန်း တစ်ခုဖြစ်သည်။ ပွန်တန်ဆာလွင်ပြင် ဆည်အစုအဖွဲ့တွင် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်အတူ ဘိုင်းဒါး၊ ကောလိယ၊ ဘောနီနှင့် ပျဉ်ပုံကြီးရေလှောင်တမံများပါဝင်ပြီး စုစုပေါင်း ဧကနှစ်သိန်းကျော်ကို အကျိုးပြုသွားမည့် ဆည်အစုအဖွဲ့ဖြစ်သည်။

ယင်းကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကို နိုင်ငံအနှံ့ ဖော်ဆောင်လျက် ရှိသည့်နည်းတူ ရွှေလီရေအားလျှပ်စစ်စီမံကိန်းကိုလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက် ကျေးရွာအနီး ရွှေလီမြစ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀၀ ထုတ်ယူရရှိမည့် စီမံကိန်းကြီးဖြစ်သည်။ မကွေးတိုင်း၌လည်း ဗုံးရွာစီမံကိန်းနှင့် ကြီးအုံကြီးဝစီမံကိန်းတို့ကို ဖော်ဆောင် လျက်ရှိသည်။

မျက်မှောက်ခေတ် ၁၆ နှစ်တာကာလအတွင်း နိုင်ငံတော်၏ စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ရာနှုန်းပြည့်နီးပါး ပြည့်စုံ ကုံလုံလာသည်နှင့်အမျှ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏ သည်လည်း တစ်နှစ်ထက်တစ်နှစ် သိသာစွာ မြင့်မားလာလျက်ရှိသည်။ ထို့ကြောင့် တိုင်းပြည်၏ မြင့်မားလာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ နှင့်အညီ ယခုကဲ့သို့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေခြင်းပင် ဖြစ်သည်။

ပြီးခဲ့သည့် ကာလအတွင်းက ဖွင့်လှစ်ခဲ့သည့် ရေအားလျှပ်စစ်စက်ရုံများ ဖြစ်သော စစ်ကိုင်းတိုင်းမှ သဖန်းဆိပ်စက်ရုံ၊ မကွေးတိုင်းမှ မုန်းချောင်းစက်ရုံနှင့် မန္တလေးတိုင်းမှ ပေါင်းလောင်းစက်ရုံများကိုကြည့်လျှင် သဖန်းဆိပ်စက်ရုံက မဂ္ဂါဝပ် ၃၀၊ မုန်းစက်ရုံက ၇၅ မဂ္ဂါဝပ်၊ ပေါင်းလောင်းစက်ရုံက မဂ္ဂါဝပ် ၂၈၀ အသီးသီး ထုတ်လုပ်နိုင်အားရှိသည့်အတွက် မကြာမီက ဖွင့်လှစ်လိုက်သည့် တီကျစ်စက်ရုံနှင့်ပါ ပေါင်းလိုက်လျှင် စက်ရုံ သစ်များ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းသည် မဂ္ဂါဝပ် ၄၀၀ ကျော် ရှိသွားပြီဖြစ်သည်။

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက် ထားပြီး မတ်လ ၂၅ ရက်နေ့က ဖွင့်လှစ်လိုက်သည့် ပေါင်းလောင်းရေအား လျှပ်စစ် စက်ရုံသည် လူသိများသည့် လောပိတရေအားလျှပ်စစ်စက်ရုံ (၁၉၆ မဂ္ဂါဝပ်)ထက် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်အားရှိသော နိုင်ငံတော် ၏ အကြီးစားရေအားလျှပ်စစ်စက်ရုံကြီးဖြစ်သည်။ မဂ္ဂါဝပ် ၇၀ စီ ထုတ်လုပ် နိုင်သော စက်လေးလုံး တပ်ဆင်ထားသည့်အတွက် စုစုပေါင်း မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်အားရှိသည်။ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ပြည်သူများအနေဖြင့် စောနိုင်သမျှအချိန်စောပြီး ခံစားစေလိုသည့်အတွက် တမံလုပ်ငန်းပိုင်း အားလုံး ပြည့်စုံပြီး မကြာမီမှာပင် တစ်နှစ်စောပြီး ရေသိုလှောင်ခဲ့သည်။

ယင်းသိုလှောင်ထားသော တမံထဲရှိ လက်ရှိရေအားဖြင့်ပင် ရေအား လျှပ်စစ် တာဘိုင်အချို့ကို လည်ပတ်မောင်းနှင်ပြီး လျှပ်စစ်ဓာတ်အားတချို့ တစ်ဝက်ရရှိအောင် ကြိုးစားထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်။ လာမည့် မိုးတွင်း ကာလကျမှသာ သတ်မှတ်ထားသည့်အတိုင်း ရေပြည့်သိုလှောင်ပြီး ထုတ်လုပ် ရရှိလာမည့် လျှပ်စစ်ဓာတ်အားအပြည့်ကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

➡ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ရေအားလျှပ်စစ်စက်ရုံများ၏ သဘောသဘာဝသည် မိုးရာသီမှသာ စက်စွမ်းအားပြည့် လည်ပတ်နိုင်ပြီး နွေရာသီတွင် စုဆောင်းသိုလှောင်ထားသည့် ရေပမာဏအပေါ်တည်မှီပြီး စက်များကိုအလှည့်ကျ လည်ပတ်ရခြင်းဖြစ်ရာ တစ်နှစ်ပတ်လုံး စက်စွမ်းအားပြည့် လည်ပတ်ရန် အခွင့်အလမ်းနည်းပါးပေသည်။

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ဒေသတွင် ဧပြီ ၁၂ရက်၌ ဖွင့်လှစ်လိုက်သည့် ကျောက်မီးသွေးစက်ရုံမှာမူ လောင်စာမီးသွေး ပုံမှန်အရည်အသွေးမှန်ရနေမည်ဖြစ်သည့်အတွက် စက်ချို့ယွင်းမှုမှအပ ၁၂ရာသီလုံး ပုံမှန် ဓာတ်အားထုတ်လုပ်နိုင်သည့် အားသာချက်ရှိပေသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်ဒေသမှ ထွက်ရှိသည့် ကျောက်မီးသွေးကို အကျိုးရှိစွာ အသုံးပြုပြီး ဓာတ်အားမဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်ဖြန့်ဖြူးစဉ်က ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်များဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ရန်ကုန်မြို့၌ မဂ္ဂါဝပ် ၃၀ ကျောက်မီးသွေးလောင်စာသုံး အလုံနှင့် ရွာမဓာတ်အားပေးစက်ရုံနှစ်ရုံဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်။

ထိုစဉ်က ဓာတ်အားပေးစက်ရုံများ၏ စက်တစ်လုံးချင်းစီသည် ၁၀မဂ္ဂါဝပ် ဓာတ်အားပေးစက်များသာဖြစ်ပြီး တီကျစ်ဓာတ်အားပေးစက်ရုံသည် စက်တစ်လုံးတွင် မဂ္ဂါဝပ် ၆၀ တပ်ဆင်ထားသည့်အတွက် ယခင်အသုံးပြုဖူးသောစက်ထက် ခြောက်ဆကြီးမားသည်။ ထို့ကြောင့် ကျောက်မီးသွေးလောင်စာသယ်ပို့ခြင်း၊ ဘွိုင်လာအပူပေးခြင်း၊ ရေသန့်စင်ခြင်း၊ ဓာတ်အားပေးစက် ထိန်းချုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားကွပ်ကဲခြင်းစသည့် များပြားလှသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ထိန်းသိမ်းမောင်းနှင်ရေး လုပ်ငန်းအဆင့်ဆင့်ကို ပြည်တွင်းရော ပြည်ပမှာပါ သင်တန်းများဖွင့်လှစ်ပြီး လူသစ်များကို လေ့ကျင့်သင်ကြားပေးခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားကာ ဖွံ့ဖြိုးပြီးနိုင်ငံများ၊ အိမ်နီးချင်း နိုင်ငံများ၌ လက်ရှိအသုံးပြုနေသည့် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို တပ်ဆင်အသုံးပြုထားသည့်အတွက် တီကျစ် ဓာတ်အားပေးစက်ရုံကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ပျက်စီးမှုများ ဖြစ်ပေါ်လာမည်မဟုတ်ပေ။ တီကျစ်ဓာတ်အားပေးစက်ရုံအတွက် နိုင်ငံတော်အစိုးရက နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၄၂ဒသမ၉သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ မဂ္ဂါဝပ် ၆၀ ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက်နှစ်လုံး တပ်ဆင်ထားပြီး စုစုပေါင်း မဂ္ဂါဝပ် ၁၂၀ ဓာတ်အား ထုတ်ပေးနိုင်မည်ဖြစ်သည်။ တာဘိုင်စက်နှစ်လုံးအနက် ပထမစက်တစ်လုံးကို ၂၀၀၄ ခုနှစ်အတွင်း တပ်ဆင်ပြီးစီးပြီဖြစ်သည့်အတွက် ယခုအချိန်တွင် စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်ကာ မဟာဓာတ်အားလိုင်း ကွန်ရက်နှင့်ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသည်။ ဒုတိယအမှတ်(၂)စက်မှာလည်း စက်အစိတ်အပိုင်းများ အပြီးသတ် တပ်ဆင်ပြီးစီးပြီဖြစ်သည့်အတွက် လိုအပ်သော စက်တပ်ဆင်မှုနှင့် စမ်းသပ်မှုများ ဆက်လက်ပြုလုပ်ကာ ယခုဧပြီလ နောက်ဆုံးပတ်အတွင်း ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရပေသည်။

တီကျစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ် ပင်လောင်းဒေသ၌ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေပြီဖြစ်သည်။ ရှမ်းပြည်နယ်၌ အခြားတည်ဆောက်ပြီးစီးသည့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး အခြေခံစက်ရုံများကို ကြည့်မည်ဆိုလျှင် ဇော်ဂျီမြစ်နှင့် ဆက်နွယ်သည့် ရေအားလျှပ်စစ်စက်ရုံများဖြစ်သော တပ်ကြီးစက်ရုံ၊ ဇော်ဂျီ(၁)စက်ရုံ၊ ဇော်ဂျီ(၂)စက်ရုံတို့ကို တွေ့ရမည်ဖြစ်သည်။ အခြားရေအားလျှပ်စစ်စက်ရုံများဖြစ်သည့် နမ့်စောင်းငေါင်းစက်ရုံ၊ နမ့်မျှော်စက်ရုံ၊ နမ့်ဝုတ်စက်ရုံ၊ မယ်ပန်ချောင်းစက်ရုံ၊ နမ့်စောင်းချောင်းစက်ရုံစသည့် စက်ရုံအငယ်စားပေါင်း ၁၂ရုံခန့်ရှိပြီး အဆိုပါစက်ရုံအများစုသည် မဟာဓာတ်အားလိုင်းနှင့်ဆက်စပ်မှုမရှိဘဲ သက်ဆိုင်ရာဒေသသုံးအတွက်သာ တည်ဆောက်ပေးထားခြင်းဖြစ်သည်။



ကြီးအုံကြီး၀ ရေလှောင်တမံ

မကွေးတိုင်း ပွင့်ဖြူမြို့နယ် မုန်းချောင်းပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကြီးအုံကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းနေရာကိုတွေ့ရစဉ်။

မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်အကျုံးဝင်သည့် တည်ဆောက်နေဆဲ ရေအားလျှပ်စစ် စီမံကိန်းနှစ်ခုမှာ မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်နိုင်အားရှိသည့် ရွှေလီရေအားလျှပ်စစ် စီမံကိန်းကြီးနှင့် ၅၄မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်သည်။ ဤစီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်နေပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် မြင့်မားလာသည့်အတွက် စက်ရုံ၊ အလုပ်ရုံများတိုးချဲ့ ထူထောင်လာခြင်း၊ အဆင့်မြင့်အိမ်ရာများ တည်ဆောက်လာခြင်း၊ စိုက်ပျိုးရေးအတွက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ အမြောက်အမြား ဆောင်ရွက်ပေးခြင်း၊ ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း ခေတ်မီနည်းပညာနှင့် စက်ကိရိယာများအသုံးပြုခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အဆမတန်တိုးတက်များပြားလာလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏မြင့်မားလာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ အစွမ်းကုန် ကြိုးပမ်းလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ပူးပေါင်းပြီး အကောင်အထည်ဖော်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများရှိသကဲ့သို့ ဝန်ကြီးဌာနအလိုက် သီးခြားစီတာဝန်ယူ တည်ဆောက်နေသည့် စီမံကိန်းများလည်းရှိသည်။

မန္တလေးတိုင်းအတွင်း ကြည့်မည်ဆိုလျှင် ယခုပေါင်းလောင်းစီမံကိန်း၏ အထက်ဘက်၌ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ထပ်မံတာဝန်ယူ အကောင်အထည်ဖော်နေပြီဖြစ်သည်။

ဤစီမံကိန်းက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၄၀ ကို ထုတ်လုပ်ပေးနိုင်မှာဖြစ်သကဲ့သို့ လက်ရှိ ပေါင်းလောင်းရေလှောင်တမံကိုလည်း ရေကူရေဖြည့် ပေးနိုင်မှာဖြစ်သည်။ ထို့အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကပင် တာဝန်ယူတည်ဆောက်နေသည့် စီမံကိန်းမှာ ဒုဋ္ဌဝတီမြစ်ပေါ်၌ တည်ဆောက်နေသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းကြီးဖြစ်သည်။ တည်ဆောက်နေဆဲ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကြီး ပြီးစီးသွားမည်ဆိုလျှင် ယခု ပေါင်းလောင်းစက်ရုံထက် ပိုမိုကြီးမားပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၉၀ အထိ ထုတ်လုပ်နိုင် စွမ်းရှိသည့် နိုင်ငံတော်၏အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံအဖြစ် ရပ်တည်လာမှာဖြစ်သည်။

နိုင်ငံတော်၏ အစီအမံဘောင်အတွင်းတွင် သက်ဆိုင်ရာဝန်ထမ်းများ၏ ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်မှုများကြောင့် ပေါင်းလောင်းစက်ရုံနှင့် ရဲရွာစက်ရုံတို့ထက် ကြီးမားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် အလှမ်းမဝေးတော့သည့် အနာဂတ်ကာလအတွင်းမှာပင် ထပ်မံပေါ်ထွက်လာမှာ သေချာလျက်ရှိသည်။ သာဓကအားဖြင့် ယခုလက်ရှိ ညှိနှိုင်းစီမံနေသည့် ရေအားလျှပ်စစ်စီမံကိန်းများအနေဖြင့် သံလွင်မြစ်ရေကို အသုံးချပြီး တည်ဆောက်မည့် တာဆန်းရေအားလျှပ်စစ်စီမံကိန်းဆိုလျှင် မဂ္ဂါဝပ် ၇၁၀၀ ကျော်ထုတ်လုပ်နိုင်အားရှိမှာဖြစ်သကဲ့သို့ ချင်းတွင်းမြစ်ပေါ်၌ တည်ဆောက်မည့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ် ၁၂၀၀ ထုတ်လုပ်နိုင်မှာဖြစ်သည်။ ဤသည်တို့မှာ အိပ်မက်ထဲ၌ စိတ်ကူးယဉ် အကောင်အထည်ဖော်နေသည့် စီမံကိန်းများမဟုတ်ဘဲ လက်တွေ့တိုင်းတာတွက်ချက် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်၏ ကြီးမားသော လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းများပင် ဖြစ်သည်။

အလားတူပင် ပေါင်းလောင်းစီမံကိန်း အကျုံးဝင်ပါဝင်သည့် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်၌လည်း ၇၅ မဂ္ဂါဝပ်အားရှိသည့် ရွှေကျင်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ အားရှိသည့် ခပေါင်းစီမံကိန်း၊ မဂ္ဂါဝပ် ၄၀ အားရှိသည့် ဖြူးချောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀ အားရှိသည့် ကွန်းချောင်းစီမံကိန်း၊ ၂၅ မဂ္ဂါဝပ် အားရှိသည့် ရဲနွယ်စီမံကိန်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်ရာ ဤစီမံကိန်းများသည်လည်း လာမည့်နှစ်ပိုင်းအတွင်း၌ ရှေ့စဉ်နောက်ဆက် ပြီးစီးသွားတော့မည်ဖြစ်သည့်အတွက် တိုင်းပြည်က တိုးမြှင့်လိုလားနေသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို နိုင်နိုင်နင်းနင်း ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။

တစ်ဖက်ကလည်း ရေအားလျှပ်စစ်စက်ရုံတစ်ရုံ တည်ဆောက်သည့်အခါ မူလရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏ များပြားသကဲ့သို့ တည်ဆောက်ပြီးစီးရေးအတွက်လည်း အချိန်ယူရခြင်းဖြစ်သည့်အတွက် လတ်တလော မပြည့်မစုံဖြစ်နေမှုများအပေါ် မှန်မှန်ကန်ကန် သဘာဝကျကျ နားလည်လက်ခံပြီး နိုင်ငံတော်၏ ခနငွေကြေး တောင့်တင်းနေအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ပေသည်။

တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးရန်အတွက် လျှပ်စစ်ဓာတ်အားအပါအဝင် လျှပ်စစ်စွမ်းအင်ကဏ္ဍကအရေးပါသလို စီးပွားရေး ဖွံ့ဖြိုးခိုင်မာမှလည်း အသစ်အသစ်သော ရေအားလျှပ်စစ်စက်ရုံများကို တိုးချဲ့တည်ဆောက်နိုင်မည်ဖြစ်သည်။ အဓိကမှာ မိမိနိုင်ငံ မိမိတိုင်းပြည်၏ အမျိုးသားစီးပွားရေးဘဝ အခြေခိုင်မာနေရန်ပင်ဖြစ်သည်။ ပြည်ပအကူအညီ အထောက်အပံ့ကို မျှော်ကိုးနေခြင်းထက် မိမိတို့၏ ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းအားများကိုပင် ဖြစ်နိုင်သမျှ အစွမ်းကုန် အပြည့်အဝ ထုတ်ဖော်အသုံးချနိုင်ကြရမှာဖြစ်သည်။ သို့မှလည်း နိုင်ငံတော်၏ အမျိုးသားဂုဏ်သိက္ခာနှင့် အမျိုးသားရေးအင်အားစုများ ပိုမိုတောက်ပြောင်၊ ပိုမိုစည်းရုံးပြီးအင်အားရှိလာမည်ဖြစ်သည်။

မျက်မှောက်ကာလသည် နိုင်ငံတော်ကို နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ အဘက်ဘက်မှ ဖွံ့ဖြိုးလာအောင် အားယူတည်ဆောက်နေသည့်ကာလဖြစ်သည်။ ထို့ကြောင့် ယနေ့အချိန်ကာလတွင် တစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်သည့်အင်အားဖြင့် အမျိုးသားရေးပန်းတိုင်ကို အရောက်လှမ်းနိုင်ရေးသည် အဓိကအရေးကြီးဆုံး အမျိုးသားရေးတာဝန်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

မုန်းချောင်းရေအားလျှပ်စစ်စက်ရုံ

မကွေးတိုင်းအတွင်း နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် လျှပ်စစ်ဓာတ်အား ၅၇ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးနေသော မုန်းချောင်းရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။



ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အေ-၁ သဘာဝဓာတ်ငွေ့များ လျင်မြန်စွာ ထုတ်ယူအသုံးချရေး ဆွေးနွေး

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ကိုရီးယားသမ္မတနိုင်ငံအစိုးရ ကုန်သွယ်မှု၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Cho Hwan-Eik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၉နာရီခွဲတွင် စွမ်းအင်ဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အေ-၁ ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းတို့၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်အရ ရှာဖွေတွေ့ရှိထားသော သဘာဝဓာတ်ငွေ့များ လျင်မြန်စွာ ထုတ်ယူအသုံးချရေးကိစ္စများကိုဆွေးနွေးသည်။

ယင်းနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာ-ကိုရီးယား စွမ်းအင်နှင့် သတ္တုဆိုင်ရာ သဘာဝသယံဇာတပစ္စည်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပူးတွဲကော်မတီ ဖွဲ့စည်းမည့် Terms of Reference of Joint Cooperation Committee for Energy and Mineral Resources between the Union of Myanmar and the Republic of Korea ကို ကိုရီးယားဒုတိယဝန်ကြီး H.E. Mr. Cho Hwan - Eik ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့က လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Lee Ju-heum နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာ-ကိုရီးယား စွမ်းအင်နှင့် သတ္တုဆိုင်ရာ သဘာဝသယံဇာတပစ္စည်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပူးတွဲကော်မတီဖွဲ့စည်းမည့် Terms of Reference of Joint Cooperation Committee for Energy and Mineral Resources Between the Union of Myanmar and the Republic of Korea ကို ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်မှု၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Cho Hwan - Eik ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့ လက်မှတ်ရေးထိုးကြရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်အားပေးကြစဉ်။

(စွမ်းအင်)

ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် မီနီဘော်လီဘောပြိုင်ပွဲဖွင့်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ ညနေ ၃နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသော ၂၀၀၅ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် မီနီဘော်လီဘော ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး ဝန်ကြီးက အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး အားကစားပြိုင်ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြကာ ယနေ့ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်း ၁၁ခုမှ အမျိုးသား ၁၁သင်းနှင့် အမျိုးသမီး ၈သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို နေ့စဉ်နံနက် ၈နာရီမှ စတင်၍ ဧပြီ ၂၉ရက်အထိ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

တီလားပီးယားငါးဈေးပွဲတော်

နေ့ရက်။ ၃၀-၄-၂၀၀၅ မှ ၁-၅-၂၀၀၅ ထိ (၂)ရက်

အချိန်။ ၁၅း၃၀ နာရီ မှ ၂၁း၀၀ နာရီထိ

နေရာ။ ငါးလုပ်ငန်းအဖွဲ့ချုပ်
ကုန်သည်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့်
အနောက်ကြံ့ကုန်းရပ်ကွက် အင်းစိန်မြို့နယ်

ရောင်းချမည့်ဆိုင်များ။ တီလားပီးယားငါးအကင်ဆိုင်(၂)ဆိုင်
တရုတ်နည်းဖြင့်ချက်ပြုတ်မည့်ဆိုင်(၃)ဆိုင်
မြန်မာရိုးရာဟင်းဆိုင်(၂)ဆိုင်
ထိုင်းနည်းဖြင့်ချက်ပြုတ်မည့်ဆိုင်(၂)ဆိုင်
ငါးခေါက်ဆွဲနှင့်ငါးကြော်ဆိုင်(၃)ဆိုင်
မုန့်ဟင်းခါးဆိုင်(၂)ဆိုင်





တီလားပီးယားငါးအသားလွှာငါးရှင်ရောင်း
ငါးဆုပ်လုံးများကိုလည်းအသင့်ချက်ပြုတ်စားသုံးနိုင်ရန်
ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချသွားပါမည်။

ငါးဈေးပွဲတော်သို့ဝင်ရောက်ကြပါရန်
လာရောက်ဆင်နွှဲနိုင်ပါသည်။



မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဆယ့်တစ်မီးငြိမ်းစေတီတော်မြတ်ကြီး အထက်ဌာပနာပိတ်ပွဲနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ချီးကျူးပူဇော်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်း ပန်းတစ်ပွင့်တောင်တော်ပေါ်၌ တည်ထားသည့် ရှေးဟောင်းစကြာရှင်ဆုတောင်းပြည့် ဇမ္ဗူအေး ဆယ့်တစ်မီးငြိမ်းစေတီတော်မြတ်ကြီး အထက်ဌာပနာပိတ်ပွဲနှင့် စောင်းတန်း၊ မီးစက်၊ ရေစက်၊ ရေကန်၊ ကျောင်းလှူဒါန်းမှုအစုစုရေစက်ချပွဲနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပန်းတစ်ပွင့်တောင် တောရကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသာရအား ဂုဏ်ပြုသိဒ္ဓိပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ တောရကျောင်း မဟာဓမ္မသုခဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိထံမှ ပရိသတ်များက ကိုးပါးသီလခံယူကာ တာဝန်ရှိသူများ၊ အလှူရှင် ကပ္ပတိန်ကြည်ရှိန်မိသားစု၊ ဒေါ်တင်တင်ဝင်း၊ ဦးအောင်မျိုး မိသားစုတို့က ဌာပနာ ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်ပြီး ဆုတောင်းပြည့် ဇမ္ဗူအေးဆယ့်တစ်မီးငြိမ်း စေတီတော်သို့ ပင့်ဆောင်ကြကာ ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက ဌာပနာသွင်းပူဇော်ကြသည်။ ဆက်လက်၍ နိုင်ငံတော်မှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသော ပန်းတစ်ပွင့်တောင် တောရသာသနာပြုကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသာရအား တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုသိဒ္ဓိပူဇော်ပွဲ ကျင်းပရာ လှိုင်မြို့နယ် စိန်ပန်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်ကာ တေးသံရှင်များက ဂုဏ်ပူဇာတေးသံသာများနှင့် ပူဇော်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် နှစ်ကျိပ်ရှစ်ဆူ သိမ်တန်ဆောင်းကြီး ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို မဟာမုနိမ္မောရုံတွင် ဧပြီ ၁၈ရက်ကကျင်းပရာ တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ကျေးတမာလမ်း (အမှတ်၁၈/၁)နေ ဦးရှုအောင်-ဒေါ်အေးအေးဝင်း မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်းကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်စဉ်။ (၆၄)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကရေမြေဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၇။ အတီးပြိုင်ပွဲ
၈း၁၅ ၈။ ထပ်ဆင့်အောင်ပွဲ ဇာဝတီတံတား(ဒေးဒရဲ)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Say it in English.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း-၂၉)**
၁၂း၁၅ ၅။ ရှမ်းပြည်တောင်ပိုင်း လင်းခေးတံတား
၁၂း၂၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "အပိုင်းပိုင်းပြတ်တဲ့ရေ" (မင်းမော်ကွန်း၊ခိုင်သင်းကြည်၊ စူးစူးမောင်) (ဒါရိုက်တာ-အောင်ဆွေမြန်မာ)**
၂း၀၀ ၇။ တေးဂီတအစီအစဉ်
၂း၁၅ ၈။ အကပြိုင်ပွဲ
၂း၃၀ ၉။ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)
၂း၄၅ ၁၀။ International News.
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၃၀ ၇။ တေးဂီတအစီအစဉ်
၅း၄၅ ၈။ မြန်မာစာ၊ မြန်မာစကား
၆း၀၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း-၁၆)**
၇း၃၀ ၁၃။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇း၄၀ ၁၄။ တေးဂီတအစီအစဉ်
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၃၅)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

သီရိမင်္ဂလာ ငြိမ်းချမ်းအောင် ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်း ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၃

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာရှိ သီရိမင်္ဂလာငြိမ်းချမ်းအောင် ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် အဆိုပါစေတီတော်ပရိဝုဏ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့ တက်ရောက်ကြည်ညိုကြပြီး စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ပင့်ဆောင်၍ စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေး နန္ဒီသေနာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အရိယာ ဘိဝံသ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တပ်ကုန်းဆရာတော် ဘဒ္ဒန္တ စန္ဒာသီရိ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကလေးဝ ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသ၊ ပဲခူးမြို့နယ် သုဓမ္မာနိကာယ မဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဲခူးမြို့နယ် သုဓမ္မာနိကာယမဟာနာယကအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဝိသုဒ္ဓ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည် ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ပန်းများကို သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်ကြသည်။

ချည်နှောင်ပက်ဖျန်း

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်၊ ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ပန်းများကို စေတီတော် ပရိဝုဏ်ဝန်းကျင်၌ ချည်နှောင်ပက်ဖျန်းပေးကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကလေးဝ ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ မဟာမင်္ဂလာအခမ်းအနား အထိမ်းအမှတ်အဖြစ် အနုမောဒနာနှင့် ရေစက်ချ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှည့်လည်ပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး၊ ဝန်ကြီးတို့ အမှူးပြုသောဘုရားဒါယကာများက စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော် ဘုံအဆင့်ဆင့်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပင့်ဆောင်၍ သာသနာ့အလံကိုင်အဖွဲ့ ဒေဝါဝင်း၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာရှိ သီရိမင်္ဂလာငြိမ်းချမ်းအောင် ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

ရာဇာဝင်းများခြံရံလျက် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများက ရွှေထီးတော်ဘုံ အဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို မင်္ဂလာရထားပုံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ စေတီတော်မြတ်ကြီးအထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ရွတ်ဆိုပူဇော်

ထို့နောက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အထက်ဌာပနာတိုက်အတွင်းသို့ ထည့်သွင်းပူဇော်ပေးပြီး နံ့သာရည်များပက်ဖျန်းကာ သဗ္ဗမင်္ဂလာဂါထာတော်အား ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုတင်လှူပြီး ဇယန္တောဗောဓိယာမူလေ အောင်ဂါထာတော်ကိုရွတ်ဆိုကြသည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုး ရွာသွန်း

ယင်းနောက် မဟာမင်္ဂလာ အခမ်းအနား အောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဆုတောင်းပြည့် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ မဟာဗောဓိပင်အား စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ဖဒိုကျေးရွာ ဘုန်းကြီးကျောင်းတိုက်၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ၊
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ၊
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ၊
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်၊
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ၊
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ၊
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ၊
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ၊
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ၊
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါ ဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် ပဋိစ္စသမုပ္ပါဒ်နှင့်ကမ္မဘဝရှင်းတမ်း**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် The Question of Savings in Micro Finance Systems (ဒုတိယနှစ်-အိမ်တွင်းစီးပွား)**
- **၄:၅၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း- "ကျောက်မဖြစ်တဲ့နှလုံးသား ရုပ်ကြွင်း" (အပိုင်း-၉)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **English Premier League ဘောလုံးပွဲ Manchester United Vs Newcastle United**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

မီးသုံးစွဲလျှင်အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ သစ်စက်များ၊ သစ်တောစိုက်ခင်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ သစ်စက်များ၊ သစ်တောစိုက်ခင်းများနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံချက်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၂ရက် နံနက်ပိုင်းတွင် မင်းလှမြို့ရှိ အမှတ်(၆၆) သစ်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲသားများ ခွဲစိတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း သစ်ခွဲသားအထွက်နှုန်း ကောင်းမွန်ရေး၊ အလေအလွင့်မရှိစေရေး၊ ခြိုးခြံချွေတာရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မင်းလှမြို့နယ် သီးခြားကျွန်းစိုက်ခင်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဦးစီးအရာရှိ ဦးမြင့်ဟန်က မုက္ခာကြိုးဝိုင်း အကွက်အမှတ်(၅၂)၊ မင်းလှကြိုးဝိုင်း အကွက်အမှတ်(၁၁၊ ၁၂) တို့တွင် စိုက်ပျိုးထားသည့် ကျွန်းစိုက်ခင်းများ၏ အခြေအနေများကို လည်းကောင်း၊ ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်းအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပဲခူးရိုးမ စိမ်းလန်းစိုးပြည်ရေးနှင့် ဆက်စပ်နေသော သစ်တောစိုက်ခင်းလုပ်ငန်းစဉ်များကို စနစ်တကျ လိုက်နာဆောင်ရွက်သွားရေး၊ သစ်ထုတ်လုပ်သည့် ကုမ္ပဏီများမှ စိုက်ပျိုးထားသည့် ကျွန်းစိုက်ခင်းများ ရှင်သန်မှုရရှိရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးသည် စိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပျဉ်းမပင်စမ်းစခန်းရှိ ဝါးပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ဝါးပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် ထင်းစိုက်ခင်းပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မင်းလှမြို့နယ် စိန်ကန့်လန့်သစ်ဆိပ်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒေသမန်နေဂျာ ဦးဇော်ဝင်းက ဒေသအတွင်း သစ်ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အထွေထွေမန်နေဂျာ ဦးအေးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပွင့်လင်းရာသီအမီ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် တိုက်ကြီးမြို့နယ် ဖလုံရှိ အမှတ်(၁၀၀) သစ်စက်သို့လည်းကောင်း၊ တိုက်ကြီးမြို့ရှိ အမှတ်(၁၀၁) သစ်စက်သို့ လည်းကောင်း၊ လသာကုန်း ပျိုးဥယျာဉ်သို့ လည်းကောင်း ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဧပြီ ၂၃ရက် နံနက်ပိုင်းတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း သစ်လုံးရောင်းဌာနစု(၁)၏ ကန်-၃ သစ်ဆိပ်သို့လည်းကောင်း၊ အောင်ဇေယျသစ်ဆိပ်သို့ လည်းကောင်း၊ ဘုရင့်နောင်သစ်ဆိပ်သို့ လည်းကောင်း၊ ပုဇွန်တောင်မြို့နယ်ရှိ စက်ဆန်းသစ်ဆိပ်သို့ လည်းကောင်း ရောက်ရှိပြီး လစဉ် တင်ဒါစနစ်ဖြင့် ရောင်းချမည့် သစ်ပုံများ အတန်းအစား ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မင်းလှမြို့နယ် သီးခြားကျွန်းစိုက်ခင်းများတွင် စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅ခုနှစ်) ကိုဆိုဂုဏ်ပြုလှုံ့ဆော်ရေး မြေစိုက်ပိုစတာများ ဖွင့်ပွဲများကျင်းပ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅ ခုနှစ်)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅ခုနှစ်) လှုံ့ဆော်ရေး မြေစိုက်ပိုစတာ ဖွင့်လှစ်ပွဲ အခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၉နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း(၂၀)နှင့် (၆၆)လမ်းထောင့် အမျိုးသားကဇာတ်ရုံ(မန္တလေး)ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင်၊ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျင်လင်း၊ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅ ခုနှစ်) လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅ ခုနှစ်) လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူပွဲများကို မန္တလေးမြို့ မြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့၌ လည်းကောင်း၊ မန္တလေးမြို့ ဈေးချိုတော်အနီး၌ လည်းကောင်း ကျင်းပခဲ့ကြပြီး မြေစိုက်ပိုစတာများကို ဖွင့်လှစ်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅ ခုနှစ်) ကြိုဆိုဂုဏ်ပြုလှုံ့ဆော်ရေး မြေစိုက်ပိုစတာ ဖွင့်လှစ်ပွဲအခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

တောင်သာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၃

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စက်မှု(၁)ဓမ္မာရုံ၌ကျင်းပရာ ရှေးဦးစွာ တောင်သာမြို့နယ်အသင်း (ရန်ကုန်) သဘာပတိ ဒေါက်တာခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက သူရဲကောင်း ဗိုလ်ရာညွန့် အထူးပြုတွဲပြုစုကြသူ ပညာရှင်များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးသန်းအောင်က အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်း ဇနီး ဒေါ်ခင်ခင်ရီနှင့် မိသားစုများ၊ စေတနာရှင် အလှူရှင်များက တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် အောင်မြင်ကြသူ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်သည်။

ဆက်လက်၍ တောင်သာမြို့နယ်အသင်း(ရန်ကုန်)နှင့် ပညာရေးရန်ပုံငွေအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း သုဓမ္မာတိုက်ကျောင်း၊ ပဓာနနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ (မဟာပဋ္ဌာန်းဆရာတော်) ကြီးမှူး၍ မေ ၂၂ရက်မှ ၂၆ရက်အထိ ငါးရက်တိုင် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်၍ မေ ၂၇ရက်မှ ဇွန် ၂ရက်အထိ ဝိပဿနာတရားစခန်း ဖွင့်လှစ်ပြသ ဟောကြားမည်ဖြစ်သည်။ ယောဂီ ၇၀ သာ လက်ခံမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများသည် မေ ၂၀ရက် နောက်ဆုံးထား၍ အထက်ပါကျောင်းတိုက်သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် တိုးတက်ပြန့်ပွားရေးအတွက် ဦးအောင်ဇော်ဝင်းက အလှူငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်အလှူရှင် ဂုဏ်ပြု

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် တိုးတက်ပြန့်ပွားရေးအတွက် စေတနာထက်သန်စွာဖြင့် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုပွဲကို ဧပြီ ၂၂ရက် ညနေ၆နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal တွင် ကျင်းပသည်။

တည်ခင်းဧည့်ခံ

အခမ်းအနားတွင် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အလှူရှင် ၃၀တို့အား ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်တို့က ဂုဏ်ပြုလက်မှတ်များပေးအပ်ကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြား ကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် တိုးတက်ပြန့်ပွားရေးအတွက် အလှူရှင် ၃၀တို့က အလှူငွေကျပ် ၆၆၅၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ (ကြေးမုံ)

အမိုးသွပ်ပြားထုတ်လုပ်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၂၃

စင်ကာပူနိုင်ငံ Maruberi-Itochu Steel Pte Ltd မှ Asia နှင့် Oceania ၏ အထွေထွေမန်နေဂျာ Mr. Yasu-shiko koike သည် တာဝန်ကာလပြီးဆုံးသွားသဖြင့် ၎င်း၏နေရာကို ထမ်းဆောင်မည့် အထွေထွေမန်နေဂျာ Mr. Hiroku Some နှင့် Myanmar Steel Industries Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ Mr. Shigeru Mura Kari တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ဧပြီ ၂၀ရက် မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး မြန်မာပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသော အမိုးသွပ်ပြားထုတ်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ဆွေးနွေးကြသည်။ ထို့နောက် Steel ထုတ်လုပ်ရေးကို မိမိတို့ပါဝင်လုပ်ဆောင်ရန် စိတ်ဝင်စားကြောင်း၊ Steel လုပ်ငန်းနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့နယ် ကင်းဝန်မင်းကြီးလမ်း အမှတ်(၃/ခ)နေ ဦးယုတ်ဝင်းက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်ကို အဖွဲ့အသီးသီးက ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များ ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ခဲ့ကြသည်။ အဆိုပါအဖွဲ့အသီးသီး၏ သဘောထားကြေညာချက်အပြည့်အစုံကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်— (သတင်းစဉ်)

ရှမ်းပြည်တပ်မတော်(SSA)အထူးဒေသ(၃)၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ၁၇-၄-၂၀၀၅ရက်နေ့တွင် ပြည်ပရောက်လူတစ်စုတို့က ရှမ်းပြည်လွတ်လပ်ရေးကြေညာချက် စတင်ထုတ်ပြန်ကြောင်းသတင်းနှင့်ပတ်သက်ပြီး ကြားသိရပါသည်။ ထိုထုတ်ပြန်ကြေညာချက်အပေါ် မိမိတို့ အပစ်အခတ်ရပ်ဆိုင်းကာ ငြိမ်းချမ်းရေးရယူထားသော လက်နက်ကိုင် ရှမ်းပြည်တပ်မတော် အထူးဒေသ(၃) (SSA)၏ သဘောထားကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ မိမိတို့ ရှမ်းပြည်တပ်မတော်သည် နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းဖြစ်ပါသည်။ မိမိတို့သည် ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးအပေါ် အခြေခံပြုလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်ထောင်စုစစ်စစ်မှုပေါ်တွင် ရပ်တည်ထားပါသည်။

၃။ ထို့ကြောင့် ပြည်ထောင်စုပြိုကွဲရေးသို့ ဦးတည်စေသော၊ တိုင်းရင်းသားအချင်းချင်း နားလည်မှုလွဲစေသော၊ ပြည်ထောင်စုမှခွဲထွက်ပြီး သီးခြားနိုင်ငံထူထောင်မည့် လွတ်လပ်ရေးကြေညာချက်ကို မိမိတို့ ရှမ်းပြည်တပ်မတော် (SSA) ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)အဖွဲ့မှ ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

စဝ်ယားပေ	**စဝ်ကိုင်ဖ**	**စဝ်လွယ်မော(ဝ်)**
အတွင်းရေးမှူး	**ဒု-ဥက္ကဋ္ဌ**	**ဥက္ကဋ္ဌ**
ဗဟိုဦးစီးကော်မတီ	**ဗဟိုဦးစီးကော်မတီ**	**ဗဟိုဦးစီးကော်မတီ**
ရှမ်းပြည်နယ်မြောက်ပိုင်း	**ရှမ်းပြည်နယ်မြောက်ပိုင်း**	**ရှမ်းပြည်နယ်မြောက်ပိုင်း**
အထူးဒေသ(၃)	**အထူးဒေသ(၃)**	**အထူးဒေသ(၃)**
ရှမ်းပြည်တပ်မတော်	**ရှမ်းပြည်တပ်မတော်**	**ရှမ်းပြည်တပ်မတော်**

မွန်ပြည်သစ်ပါတီသဘောထား ထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၀)ရက်။

၁။ ၁၇-၄-၂၀၀၅ရက်စွဲပါ ပြည်ပရောက် ရှမ်းအမျိုးသားတစ်စု၏ ရှမ်းပြည်လွတ်လပ်ရေး ကြေညာချက်သတင်းကို ကြားသိရပါသည်။ ဤဖြစ်ရပ်နှင့်ပတ်သက်ပြီး မွန်ပြည်သစ်ပါတီ၏ သဘောထားကို ထုတ်ပြန်အပ်ပါသည်။

၂။ မွန်ပြည်သစ်ပါတီ၏ ပြည်ထောင်စုနှင့်ပတ်သက်သော သဘောထားမှာ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးပင်ဖြစ်ပါသည်။ ဤအမြင်ကို အခြေပြုလျက် တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်း၌ အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ရှိသော ပြည်ထောင်စုဖော်ဆောင်ရန်ဖြစ်ပါသည်။

၃။ ဤသို့သော သမယတွင် ပြည်ထောင်စုမှခွဲထွက်ပြီး သီးခြားလွတ်လပ်ရေး ကြေညာခြင်းသည် အချင်းချင်း နားလည်မှုပိုမိုလွဲမှားစေနိုင်သော လုပ်ရပ်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ဤလုပ်ရပ်အပေါ် မွန်ပြည်သစ်ပါတီအနေနှင့် မထောက်ခံနိုင်ကြောင်းသဘောထားထုတ်ပြန်ပါသည်။

နိုင်ရော့စ
ဒု ဥက္ကဋ္ဌ(၂)
ဗဟိုအလုပ်အမှုဆောင်ကော်မတီ(ကိုယ်စား)
မွန်ပြည်သစ်ပါတီ။

လက်ရှိ ပြည်တွင်းအခြေအနေနှင့်ပတ်သက်၍ ကြေညာချက်

၁။ လက်ရှိပြည်တွင်းအခြေအနေနှင့် ပတ်သက်၍ "ဝ"ပြည်နယ်သည် ၂၀၀၄ခုနှစ် ဧပြီလ ၃၀ ရက်နေ့က အမျိုးသားညီလာခံသို့ အကြံပြုချက် (၁၁)ချက်နှင့် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့တွင် ထုတ်ပြန်ကြေညာချက် (၇)ချက်တို့ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ "ဝ"ပြည်နယ်သည် အထက်ပါကြေညာချက်တွင် ဖော်ပြထားသည့် မူများအတိုင်း ဆက်လက်ကျင့်သုံးလိုက်နာသွားမည်ဖြစ်သည်။

၂။ "ဝ"ပြည်နယ်သည် နိုင်ငံတော်နယ်နိမိတ်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တစ်ပေါင်းတစ်စည်းတည်းရှိရေးအတွက် ကြိုးစားလုံးပန်း ကာကွယ်စောင့်ရှောက် သွားမှာဖြစ်ပြီး နိုင်ငံတော်ပြိုကွဲစေမည့် ကြံစည်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအား ပျက်စီးရာပျက်စီးကြောင်း ပြောဆိုမှုမှန်သမျှကို ဆန့်ကျင်ကြောင်း အထူးထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုကော်မတီ
"ဝ"နယ်သွေးစည်းညီညွတ်ရေးပါတီ
၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၂)ရက်။

ရှမ်းပြည်အမျိုးသားတပ်မတော်(S.S.N.A)၏သဘောထား ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်။

၁။ ၂၀၀၅ခုနှစ် ဧပြီလ ၁၇ရက်နေ့တွင် RFA သတင်းဌာနမှတစ်ဆင့် ရှမ်းအမျိုးသား အုပ်စုတစ်စုသည် ရှမ်းပြည်လွတ်လပ်ရေးကြေညာကြောင်း ကြားသိရပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်အမျိုးသားတပ်မတော် (S.S.N.A)၏သဘောထားကို ထုတ်ပြန်အပ်ပါသည်။

၂။ ရှမ်းပြည်အမျိုးသားတပ်မတော်သည် တန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုစနစ်မှုပေါ် လျှောက်လှမ်းနေသော အဖွဲ့ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုမှ သီးခြားခွဲထွက်သော ကြေညာချက်အား ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

စဝ်စိုင်းယီ
စစ်ဦးစီးချုပ်
ရှမ်းပြည်အမျိုးသားတပ်မတော်(S.S.N.A)။

ဖဒိုအောင်ဆန်းဦးစီးသော လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် အဖွဲ့ကြေညာချက်

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ(၂၁)ရက်

၁။ ၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၇ရက် တနင်္ဂနွေနေ့ အမေရိကန်အသံ VOA မှ ပုဂ္ဂိုလ်(၅)ဦး အမည်ပါဝင်သော ရှမ်းပြည်အစိုးရကို သမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးဝန်ကြီးများပါဝင်သော အစိုးရအဖွဲ့ ဖွဲ့စည်းကြောင်း၊ ဗန်ကောက်အခြေစိုက် အဆိုပါ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာခဲ့ကြောင်းနှင့် ၂၀၀၅ခုနှစ် ဧပြီလ ၁၈ရက်နေ့တွင် BBC Burmese Com. အင်တာနက်ဝက်ဘ်ဆိုက်မှ စဝ်ခမ်ဖ၏ ဖက်ဒရယ်မူ လုပ်ထားသော ရှမ်းပြည်နယ်လွတ်လပ်ရေးကြေညာကြောင်း သိရှိရပါသည်။

၂။ ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်ဖြင့် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သည် အေးချမ်းသာယာလျက်ရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ နိုင်ငံတော်သည်လည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်လာတော့မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၁)ပါ ကြေညာချက်များသည် ဒို့တာဝန်အရေး(၃)ပါးကို ထိခိုက်စေနိုင်သော ကြေညာချက်များဖြစ်သည့်အတွက် တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်စွာနေထိုင်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးကို လိုလားသည့်အလျောက် အဆိုပါ ကြေညာချက်များကို ကျွန်တော်တို့ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့အနေဖြင့် လုံးဝသဘောမတူ၊ အသိအမှတ်မပြုကြောင်း ကြေညာလိုက်သည်။

ဖဒိုအောင်ဆန်း
လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့။

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏အေးချမ်းသာယာရေးကို အန္တရာယ် ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များ ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၃။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၊ ငြိမ်းချမ်းရေးရယူထားသော အဖွဲ့များဖြစ်ကြသည့် MTA (မတ်ကျန်း)အဖွဲ့၊ MTA (ဟိုမိန်း)အဖွဲ့၊ SSNA (ခွဲထွက်)ဝမ်ယိန်းအဖွဲ့၊ နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့၊ MTA (ရွှေပြည်အေး)အဖွဲ့၊ SSA တပ်မဟာ(၁) အဖွဲ့၊ SSA တပ်မဟာ(၇)အဖွဲ့၊ ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကယားအထူးဒေသ-၁)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (နဂါး)အဖွဲ့၊ မွန်ငြိမ်းချမ်းရေးအဖွဲ့ (မြိတ်ဒေသ) လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့ (သံတောင်မြောက်ပိုင်းအထူးဒေသ)၊ မွန်ငြိမ်းချမ်းရေးအဖွဲ့ (နိုင်စိုက်ချမ်း)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဦးစောထွန်းဦး ဦးစီး ရခိုင်ငြိမ်းချမ်းရေးအဖွဲ့နှင့် မိုင်းဟဌာနေပြည်သူ့စစ်အဖွဲ့တို့ကလည်း နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထား ကြေညာချက်များကို အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)